ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မဖျက်ဆီးနိုင်**

စည်းစိမ်ဥစ္စာသည် ပညာမဲ့သူကို ဖျက်ဆီး၏။ ထိုပညာမဲ့သူသည် စည်းစိမ်ဥစ္စာကို တပ်မက်ခြင်းကြောင့် မိမိကိုယ်ကိုပြန်၍ ဖျက်ဆီး၏။ နိဗ္ဗာန်ကို ရှာမှီးသူ ပညာရှိကိုမူ စည်းစိမ်ဥစ္စာက မဖျက်ဆီးနိုင်ချေ။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၃၅၅)

၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၂ ရက် သောကြာနေ့ 17, Friday June 2016 (၈၅၉၅)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိန္ဒိယအမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၁၆**
နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ အိန္ဒိယ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် (ဝန်ကြီးချုပ်ရုံးဝန်ကြီး) မစ္စတာ အာဂျစ် ဒိုဘယ်လ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍများ၊ နည်းပညာကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်ရေး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ နှစ်နိုင်ငံ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် လာရောက်တွေ့ဆုံပြီး ရင်းနှီးစွာဆွေးနွေး

**နေပြည်တော် ဇွန် ၁၆**
နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ အိန္ဒိယ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် (ဝန်ကြီးချုပ်ရုံးဝန်ကြီး)မစ္စတာ အာဂျစ် ဒိုဘယ်လ်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး ဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ရေးရာကိစ္စရပ်များတွင် အတူတကွ ပူးတွဲဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံခြားရေး ဒုတိယ ဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

DECO-LAND
DECO
PAPER CUPS (HOT/COLD)
PAPER PLATES, PAPER LUNCH BOXES
APOLO®
Available with customerized printing
6.5 oz
8 oz
11 oz
12 oz
14 oz
HOT LINE : 01 684292, 684284, 684405~08
SHOWROOM (1)
No. 326/328, Strand Road,
Corner of 24th Street,
Lathar Township, Yangon, Myanmar.
Tel : 01 382789, 09 73228162
Now Manufacture in Myanmar!
SHOWROOM (2)
No. 157, 31st Street (Middle Block),
Pabedan Township, Yangon, Myanmar.
Tel : 01 250425, 242469

ကြေးမုံ

# မိုးလယ်ကာလ ဒုတိယအကြိမ်ပြင်ဆင်ထားဖို့လို

ယခုအခါ မြန်မာနိုင်ငံတွင် အနောက်တောင်မုတ်သုံလေ အလွန်အားကောင်းနေသည်။ မုတ်သုံလေနှင့်အတူ မုတ်သုံမိုးပါ ဝင်ရောက်လာသည်။ ဇွန်လ ဒုတိယပတ်မှစတင်၍ သည်းထန်စွာရွာသွန်းနေသောမိုးကြောင့် မြန်မာပြည်တစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည်။

ရေကြီးခြင်းကို ကျယ်ပြန့်ရေကြီးခြင်း၊ မြစ်ရေကြီးခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မုန်တိုင်းနှင့် ငလျင်တို့ကြောင့် ပင်လယ်ရေလွှမ်းခြင်းဟူ၍ သဘာဝပတ်ဝန်းကျင်နှင့် မိုးလေဝသပညာရှင်တို့က သတ်မှတ်ထားသည်။ ယခုတစ်ပတ်ကျော်ကာလအတွင်း အရှိန်ကောင်းကောင်းဖြင့် ရွာသွန်းကျဆင်းသောမိုးရေများမှာ အချိန်တိုကာလအတွင်း နေရာဒေသအချို့တွင် ရေကြီးရေလျှံခြင်း ချက်ချင်းဖြစ်ပေါ်ခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းမှာ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများပြုန်းတီးသောကြောင့် ဖြစ်ပွားရသည်ဟု ပညာရှင်များသာမက အားလုံးကနားလည်လက်ခံထားကြသည်။ ရေဝေရေလဲဒေသများတွင် သစ်တောများပြုန်းတီးခြင်းကြောင့် မြေဆီလွှာတိုက်စားမှုများဖြစ်ပေါ်ပြီး မြစ်ချောင်းများတိမ်ကောလာခြင်း၊ မြစ်ချောင်းများ ရေလမ်းကြောင်းပြောင်းလဲလာခြင်းတို့သည် ရေကြီးရေလျှံမှုဖြစ်ပွားရသည့် အကြောင်းအချက်ဖြစ်သည်။

အမှန်တွင် ယခုရာသီမှာ မိုးရာသီကာလ၏ ရေကြီးရေလျှံသောအချိန်မဟုတ်သေးချေ။ ရေကြီးရေလျှံသည့်အချိန်မှာ မိုးကာလအလယ် ဇူလိုင်၊ ဩဂုတ်လတို့တွင်သာ ရေကြီးရေလျှံဖြစ်လေ့ရှိသည်။ ယမန်နှစ် ဇူလိုင်လလယ်နှင့်ဩဂုတ်လတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ စစ်ကိုင်း၊ ချင်း၊ မကွေး၊ ရခိုင်ဒေသတို့ကို သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသအဖြစ် နိုင်ငံတော်သမ္မတရုံးက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ယခုမိုးကာလအလယ်သို့မရောက်သေးချေ။ မိုးရာသီအစ မုတ်သုံမိုးအားကောင်းသည့်အချိန်သာဖြစ်ချေသည်။ ပြောစရာဆို၍ မိုးဦးအစတွင် အိန္ဒိယကမ်းခြေမှ ဆိုင်ကလုန်းမုန်တိုင်းအဖျားခတ်သဖြင့် မိုးပိုအားကောင်းလာခြင်းဖြစ်သည်။ မိုးလယ်ကာလ လာမည့်ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လကုန်အထိ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်လာနိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းကာ မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်ကြောင်း၊ ယင်းကာလတွင် အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းလာနိုင်ကြောင်း မိုးလေဝသပညာရှင်တို့က အသိပေးထားသည်။

သို့ဖြစ်ရာ ယခုမိုးကာလအစတွင် မိုးအားအလွန်ကောင်းနေသည်။ နေရာဒေသအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားနေသည်။ ယင်းအခြေအနေတွင် ထိုဒေသမှပြည်သူများ ရေဘေးဒုက္ခကြုံတွေ့နေရသော်လည်း ကြီးကြီးမားမားဟု မဆိုနိုင်သေးချေ။ လာမည့်မိုးလယ်ကာလတွင် အထက်ပါအကြောင်းများကြောင့် မြန်မာနိုင်ငံ၏မြစ်ချောင်းများနှင့်နီးသော အရပ်ဒေသများ၊ တောင်အောက်ဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ မြေပြန့်လွင်ပြင်ဒေသများနှင့် ကမ်းရိုးတန်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိပေသည်။

မြေပြန့်ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှာ ကျယ်ပြန့်သောဒေသများဖြစ်၍ ရေအတက်နှေးသောကြောင့် ကြိုတင်ပြင်ဆင်ချိန်ရနိုင်ပေသည်။ ချောင်းကမ်းနီးသောဒေသများ၊ တောင်အောက်ဒေသများ၊ မြေနိမ့်ဒေသများမှာ ကျဉ်းမြောင်းသောဒေသများဖြစ်၍ လျှပ်တစ်ပြက်ရေကြီးခြင်းကို ကြုံတွေ့နိုင်သောကြောင့် ယခုအချိန်ကတည်းက သဘာဝဘေးအန္တရာယ်မှကင်းဝေးအောင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပထဝီဝင် ကျွမ်းကျင်သောပညာရှင်များ ပူးပေါင်းကွင်းဆင်းတွက်ချက်လေ့လာကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်ပေသည်။

သဘာဝဘေးဆိုသည်မှာ ကြိုတင်သိမြင်ရန်ခဲယဉ်းသော်လည်း ယခုလက်ရှိအနေအထားများအရ မကြာမီရောက်ရှိလာမည့် မိုးလယ်ကာလ ဇူလိုင်၊ ဩဂုတ်လတို့တွင် ကျရောက်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ခြင်းဖြင့် ရှောင်လွှဲနိုင်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

# တက္ကသိုလ်တက်ရောက်မည့် မသန်စွမ်းကျောင်းသား ကျောင်းသူများအား ပညာသင်ဆုထောက်ပံ့မည်

**ရန်ကုန် ဇွန် ၁၆**

တက္ကသိုလ်တက်ရောက်မည့် မသန်စွမ်းကျောင်းသားကျောင်းသူများအတွက် ပညာသင်ဆုပံ့ပိုးခြင်းနှင့် ထောက်ပံ့ခြင်းအစီအစဉ်အား ဆောင်ရွက်လျက်ရှိပြီး ယခုပညာသင်နှစ်တွင်လည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ သိရသည်။

လစဉ်ပညာသင် ထောက်ပံ့ပေးမှုအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) တို့က ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ စွမ်းဆောင်မှုအရည်အသွေးများကိုမြှင့်တင်ပေးရန်နှင့် ဘက်စုံအရည်အချင်းနှင့် အတွေးအခေါ်မြင့်မားသော ပညာတတ် မျိုးဆက်သစ်ခေါင်းဆောင်များ မွေးထုတ်ပေးရန် ရည်ရွယ်၍ MAB ECO Program နှင့် MRF Leadership Program များကို Eden Group၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)နှင့် မြန်မာ့ရှေ့ဆောင်ဘဏ် (MAB) တို့က ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ထူးချွန်ကျောင်းသား ကျောင်းသူ ၉၉ ဦးအား MRF ကလည်းကောင်း၊ ၉၆ ဦးအား MAB ကလည်းကောင်း အသီးသီးရွေးချယ်၍ စုစုပေါင်းဘွဲ့ကြိုကျောင်းသား ၁၉၅ ဦးတို့ကို တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း လူ့အဖွဲ့အစည်း၏ အမှေ့ခံအုပ်စုအဖြစ်ရှိနေသော မသန်စွမ်းသူများအား နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အလား အများနည်းတူ ပါဝင်အကျိုးပြုနိုင်သော နိုင်ငံ့သားကောင်းရတနာများအဖြစ် မြင်တွေ့ခွင့်ရစေရန် ရည်သန်လျက် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) စသည့်အဖွဲ့များနှင့် ပူးပေါင်း၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ပညာသင်ဆက်လက်ဆည်းပူးရန် အခက်အခဲရှိသူ (တက္ကသိုလ်တက်ရောက်မည့်/ တက်ရောက်ဆဲ) ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်း ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုပံ့ပိုးခြင်းနှင့် အတိုးမဲ့ချေးငွေထုတ်ချေးခြင်း အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်ဟု သိရသည်။

အဆိုပါ မသန်စွမ်းပညာသင်ဆုအတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်နေ့တက် (Day) ကျောင်းသား ၁၀ ဦးနှင့် အဝေးသင် ၁၆ ဦးကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် Day ကျောင်းသား ခြောက်ဦးနှင့် အဝေးသင်ကျောင်းသား ၂၀ ကို လည်းကောင်း စုစုပေါင်း မသန်စွမ်းကျောင်းသား ကျောင်းသူ ၅၂ ဦးအား ရွေးချယ်ထောက်ပံ့ခဲ့သည်။

ယင်းမသန်စွမ်းပညာသင်ဆုတွင် တက္ကသိုလ်တက်ရောက်ရန်အတွက် ကျောင်းလခ၊ ကျောင်းဝင်ကြေးနှင့် အခြားပေးသွင်းရမည့် ကုန်ကျစရိတ်များအား နိပ္ပွန်ဖောင်ဒေးရှင်းက ၁၀၀ ရာခိုင်နှုန်း ပညာသင်စရိတ်ထောက်ပံ့ခဲ့ပြီး Eden Group က ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုတွင် အဆင်ပြေစေရေးအတွက် လိုအပ်သောသင်ထောက်ကူပစ္စည်းများ ဝယ်ယူနိုင်ရန် အတိုးမဲ့ချေးငွေထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ချေးငွေပြန်လည်ပေးဆပ်ခြင်းကိုလည်း ဘွဲ့ရရှိပြီးနောက် ငါးနှစ်အတွင်း လစဉ်အတိုးမဲ့ အရစ်ကျပေးဆပ်နိုင်ရန် မြန်မာ့ရှေ့ဆောင်ဘဏ် (MAB) မှစီစဉ်ပေးမည်ဖြစ်ပြီး အလုပ်ရှာချိန် တစ်နှစ်အတွင်း ချေးငွေပြန်လည်ပေးဆပ်ခြင်းကို စောင့်ဆိုင်းပေးမည်ဖြစ်သည်။

ယင်းအတွက် လျှောက်လွှာများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)၊ မြန်မာ့ရှေ့ဆောင်ဘဏ် (MAB)နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI) ရုံးများတွင် ရယူနိုင်ပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) အမှတ်(၁၇) သာယာအေးလမ်း (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

**(၀၀၁)**



# ပျိုးခင်းဆန်ခါပိုက်ဖြင့် ပျိုးထောင်ခြင်းပညာပေးလုပ်ငန်း တာချီလိတ်၌ ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် ဇွန် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပြည်သူ့အတွက် ပထမရက် ၁၀၀ အကောင်အထည်ဖော်မှုအဖြစ် သီးနှံတစ်ဧကအထွက်နှုန်းတိုးတက်လာစေရန်နှင့် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းပညာများ တောင်သူများ လက်တွေ့သိရှိလိုက်နာဆောင်ရွက်လာခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၁၆-၂၀၁၇ခုနှစ် မိုးစပါးရာသီ ဆင်းကေရီ(၃) မျိုးသန့်စပါး ပျိုးခင်းဆန်ခါပိုက်ဖြင့် ပျိုးထောင်ခြင်း ပညာပေးလုပ်ငန်းဆောင်ရွက်မှုကို ဇွန် ၁၅ ရက် နံနက်ပိုင်းက ဝမ်လုံးကျေးရွာအုပ်စု ဟွေခိုက်ကျေးရွာနေ တောင်သူ ဒေါ်မာထ၏လယ်မြေတွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးအေးကိုနှင့် ဝန်ထမ်းများက ဟွေခိုက်ကျေးရွာမှ တောင်သူ ၆၁ ဦးတို့အား လက်တွေ့ပြသဆောင်ရွက်ပေးခဲ့ပြီး ဖန်မင်ကျေးရွာအုပ်စုနှင့် မိုင်းကိုးကျေးရွာအုပ်စုရှိ တောင်သူများအား စိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း (ပြန်/ဆက်)**

# မြစ်သားမြို့ ကျေးရွာစာသင်ကျောင်းများ၌ မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

**မြစ်သား ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခြေခံပညာအထက်တန်းကျောင်း(ရွာခိုင်ကြီး)နှင့် အခြေခံပညာအလယ်တန်းကျောင်း(လွန်ကျော်)တို့တွင် ရက် ၁၀၀ စီမံချက်ဖြင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲများကို ဇွန် ၁၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးများကို ဟောပြောဆွေးနွေးပြီး မူးယစ်ဆေးဝါး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နံရံကပ်စာစောင်များ ပြသခြင်း၊ သုတ၊ ရသစာပေများ ငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**ရဲဝင်းထွန်း(မြစ်သား)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၈ ဇွန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ဂိုလီးယားနိုင်ငံသမ္မတအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် ရောက်ရှိနေသည့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂ်ျအား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြနန်းဘုံသာလမ်းရှိ ၎င်း၏ နေအိမ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။**(ယာပုံ)**

အဆိုပါ နေ့လယ်စာတည်ခင်းဧည့်ခံပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မွန်ဂိုလီးယားအစိုးရအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွင် အဆင့်သုံးဆင့် သတ်မှတ်ကာ ဆောင်ရွက်ပေးလျက်ရှိ မြန်မာနိုင်ငံအတွက် မြန်မာပြည်သူများကသာ လုပ်ဆောင်ရမည်ဖြစ်ပြီး ဒီမိုကရေစီရသည်နှင့် ပြည့်စုံပြီဟုမမှတ်ယူသင့်

**နေပြည်တော် ဇွန် ၁၆**

အစိုးရအနေဖြင့် နိုင်ငံအတွက် ဆောင်ရွက်ရာတွင် ပြည်သူ့အသံကို နားထောင်ရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ကိစ္စရပ်တိုင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်ကို မြင်တတ်အောင် လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂ်ျက ပြောကြားလိုက်သည်။

မွန်ဂိုလီးယားနိုင်ငံ၏ ဒီမိုကရေစီအရေး၊ ဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှုရှိရေးကိစ္စများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပစဉ်**(အောက်ပုံ)** မွန်ဂိုလီးယားသမ္မတက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မွန်ဂိုလီးယားသမ္မတက မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအပြောင်းအလဲကို တည်ငြိမ်ညင်သာစွာ ပြုလုပ်နိုင်ခဲ့ကြောင်း၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအားလုံး ပြုပြင်ပြောင်းလဲသည့်နေရာတွင် ငြိမ်းငြိမ်းချမ်းချမ်းအသွင်ကူးပြောင်းနိုင်ခဲ့ကြောင်း၊ အသွင်ကူးပြောင်းရေးကာလတွင် ပြည်သူများပူးပေါင်းပါဝင်မှုသည် အဓိကအချက် ဖြစ်ကြောင်း၊ အောင်မြင်မှုများ ဆက်လက်ရရှိရန်အတွက် ပြည်သူများ၏ ပါဝင်မှုက အရေးကြီးကြောင်း။



သို့ဖြစ်၍ ပြည်သူ့ခန်းမများကို မိမိတို့နိုင်ငံ၌ တည်ဆောက်ပေးထားပါကြောင်း၊ ခရိုင်နှင့် မြို့နယ်များအပြင် ကျေးရွာများတွင်လည်း ရှိပါကြောင်း၊ မွန်ဂိုလီးယားနိုင်ငံတွင် ဗဟိုဦးစီးချုပ်ကိုင်မှုလျှော့ချရေးကို လက်တွေ့ကျကျဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ပြည်သူပိုင်ငွေကို မည်ကဲ့သို့သုံးစွဲသည်ကို အားလုံးသိလိုပါကြောင်း၊ အစိုးရ၏ ဘတ်ဂျက်သုံးစွဲမှုကို ပြည်သူက ဝေဖန်လာပါက သုံးစွဲသည့် တာဝန်ရှိသူများအနေဖြင့် ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း၊ မွန်ဂိုလီးယားနိုင်ငံအနေဖြင့် အဂတိတိုက်ဖျက်မှုအပိုင်းတွင် လွန်ခဲ့သည့် ငါးနှစ်က အဆင့် ၁၂၀ တွင် ရှိရာမှ ယခုအခါ အဆင့် ၇၂ အထိသို့ လျှော့ချနိုင်ခဲ့ပါကြောင်း၊ အဂတိတိုက်ဖျက်ရေးလုပ်ငန်းသည် တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်ကြောင်း၊ မွန်ဂိုလီးယားနှင့် မြန်မာနိုင်ငံသာ ရင်ဆိုင်နေရသည့် ပြဿနာမဟုတ်ကြောင်း၊ သို့ဖြစ်၍ အဂတိတိုက်ဖျက်ရေးကို ဆောင်ရွက်နိုင်ရန် နေ့စဉ်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာများကို ပြုပြင်ပြောင်းလဲနေရန်လိုအပ်ပါကြောင်း။

မွန်ဂိုလီးယားအစိုးရအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွင် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်အဆင့်သုံးဆင့် သတ်မှတ်ထားပါကြောင်း၊ အစိမ်းရောင်ကတ်အတွင်း၌ပါရှိသည့် အကြောင်းအရာများကို ငါးမိနစ်မှ ၁၅ မိနစ်အတွင်းဆောင်ရွက်ပေးလျက်ရှိပြီး အဝါရောင်ကတ်အတွင်း၌ ပါရှိသည့် အကြောင်းအရာများကို ၂၄ နာရီအတွင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ အနီရောင်ကတ်အတွင်း၌ ပါရှိသည့် အကြောင်းအရာများကို တစ်ပတ်မှသုံးပတ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါကတ်များအတွင်းရှိ အကြောင်းအရာများမှာ ယခင်ကဆိုလျှင် အချိန်များစွာကြာမြင့်သည့်အတွက် လာဘ်ပေးလာဘ်ယူမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးမှုကို မွန်ဂိုလီးယားပြည်သူများအနေဖြင့် ၉၆ ရာခိုင်နှုန်းက နှစ်သက်ကြပါကြောင်း။

ယင်းသို့ ဆောင်ရွက်နိုင်ခြင်းသည် တာဝန်ရှိသူအဆင့်ဆင့်၏ စိတ်ဓာတ်ရေးရာကို ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ မီဒီယာကဏ္ဍ၌လည်း မွန်ဂိုလီးယားနိုင်ငံတွင် လွတ်လပ်ခွင့်ပေးထားပါကြောင်း၊ ဒီမိုကရေစီရသည်နှင့် အရာရာပြည့်စုံပြီဟု မမှတ်ယူသင့်ကြောင်း၊ ဒီမိုကရေစီလုပ်ပိုင်ခွင့် အခွင့်အလမ်းများရအောင် ဖော်ဆောင်ပေးပြီးနောက် မိမိအလုပ်မိမိလုပ်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် မြန်မာပြည်သူများကသာ လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများက မွန်ဂိုလီးယားနိုင်ငံနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းရာ မွန်ဂိုလီးယားသမ္မတက ပြန်လည်ဖြေကြားသည်။

မွန်ဂိုလီးယားနိုင်ငံသည် တစ်ချိန်က ကမ္ဘာတွင် နယ်မြေအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ခဲ့သည်။ နှစ်ပေါင်း ၇၀ ကျော်ကြာ ကွန်မြူနစ်စနစ်ကျင့်သုံးခဲ့ပြီးနောက်၁၉၉၀ ပြည့်နှစ်မှစ၍ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည့် နိုင်ငံလည်းဖြစ်သည်။ **(သတင်းစဉ်)**

# မွန်ဂိုလီးယားသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ပြည်ထောင်စုဝန်ကြီးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂ်ျသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ Hilton ဟိုတယ်၌ သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။



မွန်ဂိုလီးယားသမ္မတသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံသတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကဏ္ဍများတွင် အကူအညီပေးရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ်**(ယာပုံ)** နှစ်နိုင်ငံဘဏ်လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရေး၊ ငွေရေးကြေးရေးနှင့် စီးပွားရေးအတွေ့အကြုံများ ဖလှယ်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး(၇၈)ကြိမ်မြောက်အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၇၈) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမဟာမင်္ဂလာအခမ်းအနားကို ၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၁ ရက် (၁၆-၆-၂၀၁၆) ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်းကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော သံဃာတော် ၁၉ ပါးတို့ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အထောက်အကူပြုအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၁ ရက်မှ နယုန်လပြည့်နေ့အထိ (၁၆-၆-၂၀၁၆) ရက်မှ (၂၀-၆၂၀၁၆)ရက်အထိ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရှန်ဟိုင်းဒစ်စနေလန်းအပန်းဖြေပန်းခြံ ဖွင့်လှစ်

**ရှန်ဟိုင်း ဇွန် ၁၆**
တရုတ်နိုင်ငံပြည်မကြီးရှိ ရှန်ဟိုင်းဒစ်စနေလန်းအပန်းဖြေပန်းခြံကို ဇွန် ၁၆ နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းများအရသိရသည်။

ရှန်ဟိုင်းဒစ်စနေလန်းကို သတ်မှတ်ထားချိန်ထက် စောစီးစွာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယနေ့နံနက် အစောပိုင်းတွင် ရှန်ဟိုင်းဒစ်စနေလန်းသို့ဝင်ရောက်မည့် ဧည့်သည်များသည် ပန်းခြံတံခါးဝများတွင် တန်းစီစောင့်ဆိုင်းခဲ့ကြသည်။ ဖွင့်ပွဲနေ့အတွက် ကြိုတင်လက်မှတ်များလည်း ရောင်းချပြီးဖြစ်သည်။

ဒစ်စနေလန်းပန်းခြံအတွင်း ဧည့်သည်များက ဒစ်စနေဇာတ်ကောင်ရုပ်ပုံများနှင့်အတူတွဲကာ ဓာတ်ပုံရိုက်ကြသည်။ အချို့က အပျော်စီးရထားများစီးကာ အခြားဖန်တီးထားသော ပျော်စရာရုပ်ပုံများကို လှည့်ပတ်ကြည့်ရှုကြသည်။

ရှန်ဟိုင်းဒစ်စနေလန်းသည် အကျယ်အဝန်းအားဖြင့် ဟက်တာ ၃၉၀ ကျယ်ဝန်းပြီး ဟိုတယ်များနှင့် ဈေးဝယ်စင်တာများပါရှိသည်။ ၅ ဒသမ ၅ ဘီလီယံ အမေရိကန်ဒေါ်လာအကုန်အကျခံကာ တည်ဆောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ် ဝမ်ယမ်းက ယခုဖွင့်လှစ်လိုက်သော ဒစ်စနေလန်းဖျော်ဖြေရေးပန်းခြံသည် နိုင်ငံခြားသားများကိုဆွဲဆောင်ကာ နိုင်ငံ၏ခရီးသွားလုပ်ငန်းအတွက် လွန်စွာအထောက်အကူပြုမည်ဖြစ်ကြောင်း ၎င်း၏အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံပြည်သူများ၏ ဝင်ငွေရရှိမှုပမာဏ တိုးတက်လာခြင်းသည် ပြည်သူများအား အပန်းဖြေချိန်ထားရှိရန် တွန်းအားပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံသားများ အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးပန်းခြံအများအပြားကို နိုင်ငံအတွင်း တဖြည်းဖြည်းဖွင့်လှစ်ပေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ခိုင်ဘာတောင်ကြားလမ်းဒေသတွင် ပါကစ္စတန်နှင့် အာဖဂန်တပ်ဖွဲ့များ အမြောက်ကြီးများဖြင့် ပစ်ခတ်

**အစ္စလာမ္မာဘတ် ဇွန် ၁၆**
ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တပ်ဖွဲ့များသည် ဇွန် ၁၅ ရက်က ခိုင်ဘာတောင်ကြားလမ်းနယ်စပ်ဖြတ်ကျော်ရေးဂိတ်အနီး အမြောက်လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယခုရက်သတ္တပတ်အတွင်း နယ်စပ်ဒေသ၌ နှစ်ဖက်တပ်ဖွဲ့များ တိုက်ပွဲငယ်များဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့ရပြီး အာဖဂန်နှင့် ပါကစ္စတန် နိုင်ငံနှစ်ဖက်စလုံး၌ ထောင်နှင့်ချီသောပြည်သူများ ပိတ်မိနေခဲ့ရသည်။

ထိုစဉ်အတွင်း တော်ခရန် နယ်စပ်ဒေသ၌ ဂိတ်ဝင်ပေါက်တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ သဘောတူညီမှုရရှိခဲ့သည်ဆိုသော သတင်းတစ်ရပ်ပေါ်ထွက်လာခြင်းကို အစ္စလာမ္မာဘတ်ရှိ အာဖဂန်သံအမတ်ကြီးက ငြင်းဆိုခဲ့သည်။ ပါကစ္စတန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သဘောတူညီမှုရရှိခဲ့ခြင်းမရှိကြောင်း ၎င်းကပြောကြားသည်။

တော်ခရန်းနယ်ခြားဒေသ ဖြတ်ကျော်ရေးစခန်း၌ တင်းမာမှုများဆက်လက်ဖြစ်ပေါ်နေပြီး နယ်စပ်ဂိတ်ကို ပိတ်ထားရဆဲဖြစ်သဖြင့် ခရီးသည်ထောင်ပေါင်းများစွာမှာ လမ်းခုလတ်တွင် ပိတ်မိလျက်ရှိသည်။

ချက်ချင်း အပစ်အခတ်ရပ်စဲရန် လည်းကောင်း၊ တင်းမာမှုများ လျှော့ချရန်လည်းကောင်း၊ တော်ခရန်းဒေသ၌ တပ်စွဲထားသော နှစ်ဖက်တပ်ဖွဲ့များကို အင်အားလျှော့ချရန်လည်းကောင်း တာဝန်ရှိသူများနှင့် မိမိဆွေးနွေးခဲ့ကြောင်း အာဖဂန်သံအမတ်ကြီးက ပြောကြားသည်။

ဇွန် ၁၂ ရက်မှ အစပြု၍ နယ်စပ်ဒေသ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်ကြည်းတပ်မှ ဗိုလ်မှူးတစ်ဦး ကျဆုံးခဲ့ရပြီး နိုင်ငံသား ၁၁ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း၊ နယ်စပ်ဒေသကျေးရွာများမှ မိသားစုများ ဘေးလွတ်ရာသို့ ခိုလှုံနေကြရကြောင်း သတင်းတွင်ဖော်ပြသည်။

အာဖဂန်စစ်သည် နှစ်ဦးသေဆုံးခဲ့ရပြီး ၁၈ ဦး ဒဏ်ရာရရှိသည်ဟု အာဖဂန်တာဝန်ရှိသူများက ပြောကြားကြသည်။ နယ်စပ်ဒေသ၌ မိမိပိုင်နယ်မြေအတွင်း နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ဂိတ်တံခါးတစ်ခု တည်ဆောက်နေစဉ်အတွင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့က စတင်ပစ်ခတ်ခဲ့သည်ဟု ပါကစ္စတန်နိုင်ငံက ပြောကြားသည်။ **ရိုက်တာ။**



# ရုရှားအရှေ့ဖျားဒေသ၌ တောမီးလောင်ကျွမ်း

**ဗလာဒီဗော့စတော့ ဇွန် ၁၆**
ရုရှားနိုင်ငံ အရှေ့ဖျားဒေသ အရှေ့မြောက်ပိုင်းနယ်မြေရှိ မာဂါဒန်အရပ်နှင့် ချူကိုကာအရပ်တို့တွင် တောမီးလောင်မှုကြောင့် သစ်တောမြေ ဟက်တာ ၉၀၀၀ ခန့် ပျက်စီးဆုံးရှုံးရကြောင်း ဒေသဆိုင်ရာသစ်တောဌာနက ဇွန် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မာဂါဒန်အရပ်၌ တောမီးလောင်မှုမှာ ပိုမိုဆိုးရွားပြီး သစ်တောမြေ ဟက်တာ ၅၂၀၀ ခန့် မီးသင့်လောင်ကျွမ်းခံခဲ့ရသည်။ မီးသတ်တပ်ဖွဲ့ဝင် ၄၀၀ ကျော်နှင့် မီးသတ်လေယာဉ် ငါးစင်းတို့က မီးငြိမ်းသတ်လျက်ရှိသည်။ နေရာပေါင်း ၂၅ နေရာတွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး နေရာပေါင်း ကိုးနေရာ၌ မီးငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သည်။ **ဆင်ဟွာ။**

# နိုင်ငံခြားဘဏ်များနှင့် ချိတ်ဆက်နိုင်ခွင့်ကို စီးပွားရေးပြေလျှော့မှုအဖြစ် လုပ်ဆောင်ပေးရန် အီရန်အစိုးရက အမေရိကန်ကို တိုက်တွန်း

**တီဟီရန် ဇွန် ၁၆**
အီရန်အစိုးရက နိုင်ငံခြားဘဏ်များနှင့် ယခင်အတိုင်း ချိတ်ဆက်လုပ်ကိုင်နိုင်ခွင့်ကို စီးပွားရေးဖြေလျှော့မှုတစ်ရပ်အဖြစ် ပြန်လည်ဖြေလျှော့ပေးရန် အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းပြောကြားခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်က နော်ဝေနိုင်ငံတွင် ဇွန် ၁၅ ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တွေ့ဆုံစဉ် အထက်ပါကိစ္စကို တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။


ယမန်နှစ် နျူကလီးယားသဘောတူညီမှုရရှိခဲ့သည့်အချိန်ကစပြီး အနောက်နိုင်ငံအစိုးရများက အီရန်နိုင်ငံကို စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။ အီရန်နိုင်ငံအနေဖြင့် နိုင်ငံခြားတိုင်းပြည်များနှင့် စီးပွားရေးလုပ်ဆောင်မှု ယခင်အတိုင်းပုံမှန် အနေအထား မရောက်ရှိသေးကြောင်း အီရန်အစိုးရက ဆိုသည်။ အကြောင်းမှာ နိုင်ငံခြားဘဏ်များသည် အမေရိကန်၏ စီးပွားရေးပိတ်ဆို့ထားမှုကြောင့် အီရန်နိုင်ငံနှင့် ဆက်ဆံရာတွင် သတိထားလုပ်ဆောင်နေခြင်းကြောင့်ဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက နျူကလီးယားသဘောတူညီမှုရရှိပြီးနောက် အမေရိကန်၏မှန်ကန်သော သဘောထားကို ပြသရန်အရေးကြီးကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အီရန်နိုင်ငံအနေဖြင့် မည်သည့်ဘဏ်များနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်သလဲဆိုသည်ကို မကြာမီအတိအကျပြောမည်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ကတိပြုပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# အော်လန်ဒို ညကပွဲရုံ သေနတ်ပစ်ခတ်မှုဖြစ်ရပ် အမုန်းတရားအပေါ်အခြေခံသော အကြမ်းဖက်မှုဟုဆို

**အော်လန်ဒို ဇွန် ၁၆**
အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ရှိ ညကပွဲရုံ၌ အစုလိုက်အပြုံလိုက်သေဆုံးမှုကို ဖြစ်ပေါ်စေခဲ့သော ရာဇဝတ်ပြစ်မှုဖြစ်သည်သာမက အကြမ်းဖက်မှုလုပ်ရပ်လည်းဖြစ်ကြောင်း ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို (FBI) အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။ အော်လန်ဒိုမြို့ရှိ လိင်တူချစ်သူများဆုံစည်းရာ ညကပွဲရုံ၌ သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေနတ်သမားအပါအဝင် လူပေါင်း ၅၀ အထိ သေဆုံးခဲ့ရပြီး ၅၃ ဦးဒဏ်ရာရရှိခဲ့သည်။

အမုန်းတရားနှင့် အကြမ်းဖက်မှုအပေါ် အခြေခံသော ယင်းမှုခင်းဖြစ်စဉ်ကြောင့် လူ့အသိုင်းအဝိုင်းတစ်ရပ်လုံး စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်ရကြောင်း အမေရိကန်ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရို(FBI)၏ အထူးစုံစမ်းစစ်ရေးမှူး ရွန်ဟော့ပါက ပြောကြားသည်။ ၎င်းသည် ညကပွဲရုံ တိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေသောအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။


ဖလော်ရီဒါပြည်နယ် ပို့စိန့်လူစီမြို့မှ သေနတ်သမား အိုမာမာတင်း။

အော်လန်ဒိုမြို့ရှိ ညကပွဲရုံ၌ ဇွန် ၁၂ ရက် နံနက်အစောပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ အမေရိကန်သမိုင်းတွင် အဆိုးရွားဆုံးသော သေနတ်ပစ်ခတ်ရမ်းကားမှုဖြစ်ပြီး ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်နောက်ပိုင်း လူအသေအပျောက်အများဆုံး အကြမ်းဖက်မှုဖြစ်သည်။ သေနတ်သမားမှာ ဖလော်ရီဒါပြည်နယ် ပို့စိန့်လူစီမြို့မှ အိုမာမာတင်း ဆိုသူဖြစ်သည်ဟု အာဏာပိုင်များက အတည်ပြုပြီး ၎င်းနှင့်ရဲတပ်ဖွဲ့ဝင်များ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ၎င်းကို အသေဖမ်းဆီးရရှိခဲ့သည်။ **ရိုက်တာ။**



မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဇွန် ၁၆ ရက်က မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် (ဝန်ကြီးချုပ်ရုံး ဝန်ကြီး) မစ္စတာ အာဂျစ် ဒိုဘယ်လ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ဇွန် ၁၆ ရက်က ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H. E. Mr. Jean-Marc AYRAULT ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဇွန် ၁၆ ရက် ညနေပိုင်းက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြစဉ်။ (သတင်းစဉ်)



ဂျာမနီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာနဝန်ကြီး Dr. Gred Muller ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဇွန် ၁၆ ရက်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# အကြွေးဝယ်ကတ် CB ဘဏ်မှ ထုတ်ဝေ

**ရန်ကုန် ဇွန် ၁၆**
CB ဘဏ်အနေဖြင့် ပြည်တွင်းတွင် MPU Credit Card အဖြစ် သုံးစွဲနိုင်ပြီး ပြည်ပ၌ UnionPay Credit Card အဖြစ်သုံးစွဲနိုင်သည့် နှစ်မျိုးသုံး အကြွေးဝယ်ကတ် အမျိုးအစားကို ထုတ်ဝေနိုင်ပြီဖြစ်ကြောင်း CB Co-Branded Credit Card (MPU-UPI)မိတ်ဆက်ပွဲ အခမ်းအနား **(အောက်ပုံ)**မှ သိရသည်။

MPU UnionPay Credit Card ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံး နိုင်ငံတကာ အကြွေးဝယ်ကတ်အဖြစ် သမဝါယမဘဏ် (CB Bank Ltd) မှ ထုတ်ပေးခဲ့ပြီး ပြည်တွင်းဘဏ် ၂၃ ဘဏ်ဖြင့် ဖွဲ့စည်းထားသော MPU ကွန်ရက်တွင် ATM စက်ပေါင်း ၁၈၀၀၊ POS ၅၀၀၀ တို့နှင့် ချိတ်ဆက်ထားကာ ကတ်ကိုင်ဆောင်သူများအနေဖြင့် မြန်မာနိုင်ငံတွင်သာမက နိုင်ငံပေါင်း ၁၅၇ နိုင်ငံတွင် ငွေသွင်းငွေထုတ်ကိစ္စရပ်များကို လုံခြုံမှုရှိပြီး အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားသည်ဟု သိရသည်။

"UnionPay International Co., Ltd. က CB ဘဏ်နဲ့ ၂၀၁၂ ခုနှစ်ကစပြီး ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ နိုင်ငံတကာနည်းပညာ ကုမ္ပဏီကြီးဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံး UnionPay အမှတ်တံဆိပ်ကို လက်ခံဆောင်ရွက်နိုင်တဲ့ Merchant ပေါင်း ၃၄ သန်းရှိပြီး ငွေသားထုတ်ယူနိုင်တဲ့ ATM ပေါင်း နှစ်သန်းရှိပြီးဖြစ်ပါတယ်။ ကတ်ကိုင်ဆောင်သူပေါင်းကလည်း ၅ ဒသမ ၄ ဘီလီယံ ရှိနေပြီဖြစ်ပါတယ်" ဟု CB ဘဏ် အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းက အဖွင့်အမှာစကားပြောကြားသည်။

CB ဘဏ်အနေဖြင့်လည်း ATM စက်ပေါင်း ၄၅ လုံးနှင့် POS ၂၆၀၀ တပ်ဆင်ထားပြီးဖြစ်ပြီး ကတ်ကိုင်ဆောင်သူများ အဆင်ပြေစေရန် ထပ်မံတိုးချဲ့တပ်ဆင်သွားမည်ဟု သိရသည်။ ATM စက်များတွင် ငွေသားထုတ်ယူခြင်း၊ POS စက်တပ်ဆင်ထားသော Merchant များတွင် ဈေးဝယ်ခြင်း၊ Online မှ ငွေပေးချေခြင်းများကို ပြည်တွင်း ပြည်ပတွင် လွယ်ကူစွာ လုပ်ဆောင်နိုင်မည်ဟု သိရသည်။

ကတ်အမျိုးအစား အနေဖြင့် Platinum Card၊ Gold Card၊ Classic Card အမျိုးအစားသုံးမျိုး ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**




# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်ကုသဌာန ဖွင့်လှစ်ပေးတော့မည်

**ရန်ကုန် ဇွန် ၁၆**
ကျောက်ကပ်သွေးသန့်စင်ကုသမှုခံယူရန် လိုအပ်သောသံဃာတော်နှင့် သီလရှင်များကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် အခမဲ့ကုသိုလ်အဖြစ် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်ကုသဌာနကို မကြာမီဖွင့်လှစ်မည်ဖြစ်ပြီး သွေးသန့်စင်စက် ငါးလုံးဖြင့် ရက်သတ္တပတ်လျှင် ခြောက်ရက်ဖွင့်လှစ်၍ ကုသပေးရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် အထွေထွေရောဂါများသာမက အထူးကုရောဂါ ၁၉ မျိုးကို ကုသပေးလျက်ရှိရာ ၎င်းအနက် ကျောက်ကပ်ဝေဒနာရှင် သံဃာတော်နှင့် သီလရှင်များကိုလည်း ဆီးနှင့်ကျောက်ကပ်အထူးကုသမားတော်ကြီးများဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစ၍ ကြည့်ရှုကုသပေးလျက်ရှိသည်။

ထိုသို့ သံဃာတော်နှင့် သီလရှင်များကို အခမဲ့ကုသိုလ်ဖြစ် ကျောက်ကပ်သွေးသန့်စင်ပေးမှုတွင် ပါဝင်လိုသောအလှူရှင်များအနေဖြင့် ငွေပဒေသာပင်များ၊ ကျောက်ကပ်သွေးသန့်စင်စက်၊ ရေသန့်စင်စက်နှင့် အခြားလိုအပ်သောဆေးဝါးများအတွက် လှူဒါန်းလိုပါက ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် လှူဒါန်းနိုင်ပြီး အသေးစိတ်ကို ဖုန်း-၀၁-၅၅၈၄၃၄၊ ၀၁-၅၄၁၇၉၅ နှင့် ၀၁-၅၅၈၄၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကွမ်းစားတာဟာ မင်္ဂလာလား

ရှင်သန် (အမရ)

လောကီမင်္ဂလာ ၁၂ ပါးရှိသည်။

(၁) ဖွားမြင်ခြင်း ဝိဇာတမင်္ဂလာ။
(၂) ဖွားမြင်ပြီးနောက် သုံးရက်မြောက်နေ့၌ ရတနာမြတ်သုံးပါး၊ ဘိုးဘွားဟူသော နန္ဒိမုခ နတ်တို့အား ရှိခိုးပူဇော်စေခြင်း မုခဒဿန မင်္ဂလာ။
(၃) ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်နေ့၌ ဆံရိတ်ခြင်း ကေသစ္ဆေဒနမင်္ဂလာ။
(၄) ကမ္ဘာဦးပညတ် ရှေးသူဟောင်းတို့အမှတ်ဖြင့် ကောင်းမြတ်သောရက်၌ ပုခက်ဃေဉ်တင်ခြင်းဟူသော ဒေါဠာကရဏမင်္ဂလာ။
(၅) ဖွားမြင်ပြီးနောက် ၇၅ ရက်မြောက်၌ ကွမ်းဦးခွံ့ခြင်းဟူသော တမ္ဗူလပတ္တမင်္ဂလာ။
(၆) ဖွားမြင်ပြီးနောက် သုံးလမြောက်နေ့၌ နေလတို့ကို ပြသကြည့်ရှုစေခြင်းဟူသော ရဝိန္ဒုဒဿန မင်္ဂလာ။
(၇) ဖွားမြင်ပြီးနောက် ရက် ၁၀၀ မြောက်နေ့၌ အမည်သညာမှည့်ခေါ်ခြင်း နာမကရဏမင်္ဂလာ (ကင်ပွန်းတပ်မင်္ဂလာ)။
(၈) ဖွားမြင်ပြီးနောက် ခြောက်လမြောက်၌ ထမင်းဦးခွံ့ကျွေးခြင်း ပထမဘတ္တမင်္ဂလာ။
(၉) အချိန်အရွယ်ရောက်သော် ဆံထုံးဦးသျှောင်ဖွဲ့ထုံးခြင်း ကေသဗန္ဓနမင်္ဂလာ။
(၁၀) အချိန်အရွယ်ရောက်သော် နားထွင်းခြင်းကဏ္ဏ ကဏ္ဏဝိဇ္ဈနမင်္ဂလာ။
(၁၁) အချိန်အရွယ်ရောက်သော် ရှင်ပြုပေးရခြင်း ပဗ္ဗဇ္ဇမင်္ဂလာ။
(၁၂) အချိန်အရွယ်ရောက်သော် ထိမ်းမြားပေးခြင်း အာဝါဟဝိဝါဟမင်္ဂလာ။

ဤကား သုတေသနသရုပ်ပြအဘိဓာန် အဆိုတည်း။

သုခမှတ်စုအဆိုရမူ-

(၁) ဂဗ္ဘသာဝကမင်္ဂလာ- ပဋိသန္ဓေစွဲသည့်နေ့ကစ၍ ရံခါရံခါ ကောင်းမှုမင်္ဂလာပြုပေးခြင်း။
(၂) ဝိဇာတမင်္ဂလာ- ဖွားမြင်သောအခါ ကုသိုလ်မင်္ဂလာပြုခြင်း။
(၃) အာဟာရပရိဘောဂမင်္ဂလာ- ထမင်းခွံ့ခြင်း မင်္ဂလာ။
(၄) တမ္ဗူလပတ္တမင်္ဂလာ- ကွမ်းခွံ့ခြင်းမင်္ဂလာ။
(၅) ဒေါဠာကရဏမင်္ဂလာ- ပုခက်လွှဲခြင်းမင်္ဂလာ။
(၆) ကေသစ္ဆေဒနမင်္ဂလာ- ဆံပယ်ခြင်းမင်္ဂလာ။
(၇) ဂေဟကရဏမင်္ဂလာ- အိမ်သစ်တက်မင်္ဂလာ။
(၈) ပဗ္ဗဇ္ဇမင်္ဂလာ- ရှင်ပြုမင်္ဂလာ။
(၉) ကဏ္ဏဝိဇ္ဈနမင်္ဂလာ- နားသမင်္ဂလာ။
(၁၀) ဒုဿဂဟနမင်္ဂလာ- ပုဆိုးထဘီဝတ်မင်္ဂလာ။
(၁၁) စူဠဂဟနမင်္ဂလာ- ဆံထုံးဦးသျှောင်ထုံးမင်္ဂလာ။
(၁၂) အာဝါဟဝိဝါဟမင်္ဂလာ- ထိမ်းမြားလက်ထပ် မင်္ဂလာဟူ၍ ဖြစ်၏။

လောကီမင်္ဂလာသည် လောကီကျမ်းတို့ အဆိုအရ ဖြစ်သည်။ ဘုရားဟောထေရဝါဒ ပိဋကတ်၌ မလာ၊ ထေရဝါဒအရဆိုလျှင် မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံဟူသော ဝိဂြိုဟ်အရ မင်္ဂလာ၌ မင်္ဂ-မကောင်းမှု၊ လ- ဖယ်ရှားခြင်း၊ မကောင်းမှုကို ဖယ်ရှားသော ကောင်းမှုသည် မင်္ဂလာဖြစ်၏၊ ကောင်းကောင်းပြုလျှင်၊ ကောင်းကောင်းပြောလျှင်၊ ကောင်းကောင်းကြံလျှင် မင်္ဂလာဖြစ်၏။ ကောင်းသော အပြုအမူ၊ အမူအကျင့်၊ အမူအရာ၊ အပြောအဆို၊ အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းဟူသမျှ မင်္ဂလာဖြစ်သည်၊ မင်္ဂလာရှိသည်။

လောကီမင်္ဂလာဆယ့်နှစ်ပါး၌ ကွမ်းခွံ့မင်္ဂလာဟု ပါနေသည်၊ ကွမ်းခွံ့တာဟာ မင်္ဂလာပါလား၊ ကွမ်းစားတာဟာ မင်္ဂလာပါလား၊ တံတားဦးက ကွမ်းဝါနု၊ ငါန်းမြာကဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ ပြည်ရှား၊ သာဝါးလို့ထွေးဟုတောင် စာဆိုကရှိခဲ့တော့ ကွမ်းဟာ မြန်မာ့ရိုးရာဓလေ့အစဉ်အလာဆိုတာတော့ လက်ခံပါသည်။ မြန်မာ့ယဉ်ကျေးမှုတော့ မဟုတ်ပေ။ ရိုးရာတိုင်း မင်္ဂလာမဟုတ်သလို အစဉ်အလာတိုင်းဟာ မင်္ဂလာမဟုတ်ဆိုတာတော့ သတိချပ်ရမည်။

စာရေးသူတို့မျိုးရိုးသည် ကွမ်းမျိုးရိုးဖြစ်သည်။ အဖေလည်း ကွမ်းစားသည်။ အမေလည်း ကွမ်းစားသည်။ အစ်ကိုနှစ်ယောက်လည်း ကွမ်းစားသည်။ သို့သော် စာရေးသူကတော့ ကွမ်းနှင့် ဆေးလိပ် အလွန်မုန်းသည်။ မိမိလက်အောက်ငယ်သားထဲမှာလည်း ကွမ်းစားသူနှင့် ဆေးလိပ်သောက်သူဆိုလျှင် အလွန်မြင်ပြင်းကပ်သည်။ ကွမ်းသမား၊ ဆေးသမားကို ဘယ်လိုမှကြည့်လို့မရ၊ လူရာကိုပင် မသွင်းချင်၊ ကွမ်းနှင့်ဆေးလိပ်ကို အဲဒီလောက်အထိ လက်မခံနိုင်သော အနေအထား။

ကွမ်းနှင့်ဆေးလိပ်သည် သက်သက်မဲ့ ငွေဖြုန်းတီးသော အလုပ်ဟု မြင်မိသည်။ တိုင်းပြည်မှာ တစ်နေ့တစ်နေ့ ကွမ်းနှင့်ကုန်ရသောငွေ၊ ဆေးလိပ်နှင့်ကုန်ရသော ငွေတွေ အဘယ်မှာ နည်းမည်နည်း။ နှမြောဖွယ်ကောင်းလေစွ၊ ဆရာတော်တစ်ပါးကမိန့်သည်မှာ "ကွမ်းစားတာ ပါးစပ် အမှိုက်ရှုပ်တာပဲ"တဲ့ မှန်ပါသည်၊ ပါးစပ်အမှိုက်ရှုပ်ရုံ တင်မက ပတ်ဝန်းကျင်ကိုပါ ညစ်ပတ်စေပါသည်။ တစ်ဦးက ဆိုရာမှာ "လူကြီးလူကောင်းတွေ ကွမ်းမစားဘူး"တဲ့။ မြို့ကြီးပြကြီးမှာ တကယ့်အထက်တန်းလွှာကလူတွေ ကွမ်းမစားကြပါ။ (သို့သော် ဆေးလိပ်တော့ သောက်ပါသည်)။

ကွမ်းသည် ဣန္ဒြေမဲ့သလို ကျက်သရေမဲ့သောအရာလည်းဖြစ်သည်။ ကွမ်းသမားစည်းကမ်းရှိတာက အတော်ရှားပါသည်။ ဟိုထွေး သည်ထွေး တွေ့ကရာထွေးသူကများပါသည်။ လိုင်းကားပေါ်က ကွမ်းတံတွေးထွေးလို့ လမ်းပလက်ဖောင်းပေါ်က လမ်းလျှောက်သူ၏ အင်္ကျီတွေ စွန်းထင်းပေသည့်အကြောင်း၊ တိုက်ခန်းလှေကားထောင့်တွေမှာ ကွမ်းသွေးတွေရဲရဲနီနေသည့်အကြောင်း ကွမ်းသမားတွေ စည်းကမ်းမဲ့ပုံ၊ စည်းကမ်းမရှိပုံ၊ အဆင့်အတန်းမရှိပုံတွေကို ဂျာနယ်အများစုမှာ မကြာမကြာ ဖတ်ရပါသည်။

ဆရာတော်တစ်ပါးက မိမိစာရေးကြောင်းသိလို့ ကွမ်းစားနေသည့်ကိစ္စတွေ ရေးပေးဖို့တောင်းဆိုပါသည်။ သူပြောစဉ်ကတော့ မှန်ပ့ါ၊ ရေးပေးပါ့မယ်ဟု လျှောက်ခဲ့သော်လည်း တချို့ဆရာသမား ထေရ်ကြီးဝါကြီးတွေကလည်း

**တိုင်းပြည်မှာ တစ်နေ့တစ်နေ့ ကွမ်းနှင့် ကုန်ရသောငွေ၊ ဆေးလိပ်နှင့် ကုန်ရသော ငွေတွေ အဘယ်မှာ နည်းမည်နည်း။ နှမြောဖွယ်ကောင်းလေစွ၊ ဆရာတော်တစ်ပါးက မိန့်သည်မှာ "ကွမ်းစားတာ ပါးစပ် အမှိုက်ရှုပ်တာပဲ" တဲ့ မှန်ပါသည်၊ ပါးစပ်အမှိုက်ရှုပ်ရုံ တင်မက ပတ်ဝန်းကျင်ကိုပါ ညစ်ပတ်စေပါသည်။**

စားနေကြတာဆိုတော့ လက်တွန့်မိသည်။ ရေးဖို့ရွံ့နေသည်။

ကျောင်းရှေ့က သုမင်္ဂလလမ်းမကြီးကို နိုင်ငံတော်က ကွန်ကရစ်ခင်းနေသည်။ တချို့နေရာ ခြောက်လက်မ၊ တချို့နေရာ ရှစ်လက်မ၊ တချို့နေရာ ဆယ်လက်မခန့် ခင်းရသည်။ ထိုကွန်ကရစ်ပေါ် ကားကလည်း မမောင်းရသေးတော့ လမ်းလျှောက်လို့ အတော်ကောင်းသည်။ တစ်နေ့တစ်ခေါက်၊ နှစ်ခေါက်ဆိုသလို လျှောက်ဖြစ်နေသည်။ တစ်နေ့က အသိအင်ဂျင်နီယာအကြီးအကဲနှင့် ရပ်စကားပြောဖြစ်တော့ သူတို့က ကွန်ကရစ်လောင်းဖို့ သန့်ရှင်းထားကားသမားတွေက ကွမ်းသွေးထွေးသွားနှင့် စည်းကမ်းမရှိကြလို့ စိတ်ညစ်ရကြောင်း ပြောပြသည်။

မနေ့က လမ်းလျှောက်ထွက်တော့ ကွန်ကရစ်လမ်းတစ်လျှောက်လုံးကွမ်းတံတွေးတွေ ရဲရဲတောက်နေတာကို စိတ်မကောင်းစွာ တွေ့ရသည်။ တော်တော်စိတ်ဆင်းရဲသွားသည်။ တော်တော် စိတ်ဓာတ်ကျသွားသည်။ "သည်လူ၊ သည်လမ်း၊ သည်စခန်း"ဟူသော အတွေးတစ်ခု ခေါင်းထဲ ချက်ချင်းရောက်လာသည်။ "တော်တော်အဆင့်မရှိတဲ့လူတွေပဲ၊ တော်တော်စိတ်ဓာတ်ညံ့ဖျင်းတဲ့လူတွေပဲ"ဟု တွေးမိသည်။

ကျောင်းရှေ့မှာ တက္ကစီလေးငါးခြောက်စီးလောက်ဂိတ်ထိုးကြသည်။ ထိုအထဲက အသက်ကြီးဆုံးအဘိုးကြီးထိပ်ကပြောင်နေပြီ၊ မောင်းတာက တက္ကစီ၊ စကားကြီးစကားကျယ် အလွန်ပြောသည်။ ဝေဖန်ရေး လေကန်ရေး အတော်များသည်။ သူ့ဆိုလျှင် တော်တော်များများကလက်ရှောင်သည်။

တစ်နေ့ သူနှင့်လမ်းမပေါ် ရပ်စကားပြောရင်း သူ့ထုံးစံအတိုင်း ဟိုဟာ မကောင်းကြောင်း၊ သည်ဟာမကောင်းကြောင်း၊ မြန်မာတွေ စည်းကမ်းမရှိကြောင်းဖောင်နေအောင်ပြောသည်။ ပြီးတော့ သူကိုယ်တိုင်အဲဒီ လမ်းမပေါ်မှာပဲ ကွမ်းတံတွေးတွေကို ဖျန်းခနဲထွေးချလိုက်သည်။ ကောင်းရောပဲ၊ သူ့အသက်ကခြောက်ဆယ်နီးပါး၊ သည်အရွယ်တွေက သည်လိုဆိုလျှင် လူငယ်တွေကို ဘယ်လိုလုပ်ပြောတော့မည်နည်း။

လမ်းပေါ်မှာ အမှိုက်ပစ်တာလောက် ဆိုးတာမရှိ။ လမ်းပေါ်မှာ တံတွေးထွေးတာလောက် ဆိုးတာမရှိ။ လမ်းပေါ်မှာ ကွမ်းတံတွေးထွေးတာလောက် ဆိုးတာမရှိ။ အသိတရားမရှိသူတွေ၊ အသိစိတ်ဓာတ်မရှိသူတွေ၊ စိတ်ဓာတ် အဆင့်အတန်းမရှိသူတွေ၊ စိတ်ဓာတ်အောက်တန်းကျသူတွေ၊ ပြည်သူ့နီတိအခြေခံကျင့်ဝတ်မှနားမလည်သူတွေ၊ သည်လိုင်း၊ သည်လှေ၊ သည်လူတွေနှင့် ရှေ့ခရီးကို ဘယ်လိုဆက်ကြမည်နည်း။

အာဆီယံနိုင်ငံတွေထဲက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတွေထဲမှာ အမှိုက်မပြောနှင့် လမ်းပေါ်မှာ တံတွေးထွေးလျှင်တောင် ဒဏ်ရိုက်သည်ဟု ဆိုပါသည်။ ယမန်နှစ်က မြန်မာကျောင်းသားတစ်ယောက် စင်ကာပူမှာ အမှတ်တမဲ့ ဝက်အူရစ်တစ်ခု လမ်းပေါ်ပစ်လိုက်မိလို့ ကျောင်းရှစ်လ အထုတ်ခံရသတဲ့။ ဂျာနယ်တွေထဲမှာ ဖတ်လိုက်ရတာပါ။

ယခု ရန်ကုန်မြို့ထဲက လမ်းမတွေပေါ်၊ အများပိုင်အဆောက်အအုံ လှေကားတွေပေါ် ကွမ်းတံတွေးထွေးသူတွေကို စောင့်ဖမ်းပြီး ဒဏ်ငွေ ထိထိရောက်ရောက် ရိုက်သင့်ပါသည်။

ကွမ်းစားခြင်းသည် ကျက်သရေမဲ့တာကတော့ အမှန်ပင်၊ ကျက်သရေမရှိလျှင် မင်္ဂလာရှိပါတော့မလားမေးခွန်းထုတ်ယူရတော့မည်။ ။

(ကွမ်းနှင့်ဆေးလိပ်သောက်သုံးခြင်းဖြင့် ခြောက်စက္ကန့်လျှင် လူတစ်ဦးနှုန်းသေဆုံးနေကြောင်း သုတေသီတို့က ဆိုသည်။)




## နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်နှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် **"နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်"**ကို (၂၄-၇-၂၀၁၄) ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ၎င်းအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် အဆိုပါ စားသောက်ကုန်များ ထုတ်လုပ်သူ၊ တင်သွင်းသူလုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ အသိပေးဆွေးနွေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများကို အချိန်ကာလနှစ်နှစ်ယူ၍ ပြည့်စုံစွာဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ (၂၄-၇-၂၀၁၆) ရက်နေ့မှစ၍ အမိန့်ကြော်ငြာစာ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော ၎င်းစားသောက်ကုန်များ ဈေးကွက်တွင် ရောင်းချခြင်းကို စိစစ်တွေ့ရှိပါက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မရမ်းကုန်းမြို့နယ်တွင် ကျူးကျော်နေထိုင်သူများကို သက်ဆိုင်ရာက စာရင်းများ စတင်ကောက်ယူ

ဇော်ကြီး(ပဏီတ)

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်အတွင်းရှိ ကျူးကျော်နေထိုင်သူများကို ယမန်နေ့မှစပြီး သက်ဆိုင်ရာက ကွင်းဆင်း၍ စာရင်းများစတင်ကောက်ယူနေပြီဖြစ်ကြောင်း အဆိုပါရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

"အခုလို စာရင်းလိုက်လံကောက်ယူတဲ့အခါမှာ အရင်တုန်းကရှိခဲ့တဲ့စာရင်းနဲ့ မြေပြင်စာရင်း အနည်းငယ်တော့ ကွာခြားမှုရှိနေတယ်။ တစ်အိမ်ထဲအတူနေ မိသားစုကနေခွဲထွက်ပြီး သူတို့ အဝန်းအဝိုင်းထဲမှာ နောက်တစ်အိမ်ထပ်နေတာမျိုးတွေတော့ရှိပါတယ်။ ဒါကလည်း နေတာကြာပြီဆိုတော့ သားသမီးတွေ အိမ်ထောင်ကျပြီး ခွဲထွက်သွားတဲ့သဘောပါပဲ။ အခုမှ ကျူးတာ မဟုတ်ပါဘူး။ အရင်ကတည်းက ရှိနေခဲ့ကြတာပါ။ ကျူးအများစုကတော့ မြို့သစ်အပိုင်းမှာပါ။ ရွာမကြီးအပိုင်းမှာ သိပ်မရှိပါဘူး။ လက်ရှိအနေနဲ့ကတော့ မြေပြင်စာရင်းကောက်ယူမှုအရ သက်ဆိုင်ရာကို တင်ပြသွားမှာပါ"ဟု ကျူးကျော်မြေပြင်စာရင်းကောက်ယူမှုကော်မတီဥက္ကဋ္ဌ(ရပ်ကွက်အုပ်ချုပ်ရေးမှူး) ဦးသန်းဝင်းက အဆိုပါစာရင်းကောက်ယူနေမှုနှင့်ပတ်သက်၍ ပြောသည်။

ထိုသို့စာရင်းကောက်ယူမှုကို ဇွန် ၁၅ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ပြီး ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ နယ်မြေခံရဲတပ်ဖွဲ့၊ ရပ်မိရပ်ဖ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ပါဝင်သော ရပ်ကွက်အဆင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စာရင်းကောက်ယူရာတွင် ကျူးကျော်နေထိုင်သူတို့၏ လာရောက်နေထိုင်ခဲ့မှု သမိုင်းကြောင်း၊ လူဦးရေနှင့် အမည်စာရင်း၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင်ရှိ၊ မရှိ စသည်တို့ကိုစစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အပြင် ရောင်းဝယ်၊ ငှားရမ်းနေထိုင်ခြင်း၊ ကိုယ်တိုင်ကျူးကျော်နေထိုင်ခြင်းတို့ကိုလည်း သက်ဆိုင်ရာက အထောက်အထားမှတ်တမ်းများဖြင့် စာရင်းကောက်ယူခဲ့ကြသည်။



"ဒီနေရာမှာနေလာတာ နှစ်တွေကြာပြီဆိုတော့ သားသမီးတွေကအစ အလုပ်အကိုင်တွေနဲ့ အထိုင်ကျနေပါပြီ။ အစိုးရအနေနဲ့ နေရာပြန်ပေးမယ်ဆိုပေမယ့်လည်း သွားလာနေထိုင်မှုအတွက် အခက်အခဲဖြစ်နိုင်ပါတယ်။ မြို့နဲ့နီးပြီး သွားလာနေထိုင်လို့ အဆင်ပြေမယ့်နေရာမျိုးတော့ ဖြစ်စေချင်ပါတယ်။ ဘယ်နေရာရောက်မယ်ဆိုတာ မသိသေးတော့နည်းနည်းတော့ စိုးရိမ်ပါတယ်"ဟု အဆိုပါရပ်ကွက်အတွင်းရှိ မြို့သစ်(၆)လမ်းတွင် နေထိုင်သူ ဒေါ်စိုးစိုးရီက ပြောသည်။

အဆိုပါရပ်ကွက်တွင် အိမ်ခြေ ၄၃၃၈ လုံးရှိပြီး လမ်းမြေကျူး၊ မီးသတ်ရေကန်ကျူး၊ ဘောလုံးကွင်းကျူး၊ ကျောင်းကျူးတို့အပါအဝင် ကျူးကျော်နေအိမ် ၂၅၀ ခန့်အထိရှိကာ အများစုမှာ ရိုးကြီးချောင်းတစ်လျှောက်နှင့် ဂရန်မြေကြားတွင် ချောင်းမြေကျူးအဖြစ် လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်ခန့်ကပင် ကျူးကျော်နေထိုင်လာသူများဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက စိန်ခေါ်မှုတစ်ခုဖြစ်နေသည့် ကျူးကျော်ကိစ္စများကိုဖြေရှင်းရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု သုတေသနစီမံကိန်းတစ်ရပ်အဖြစ် ကျူးကျော်များစာရင်းကောက်ခြင်းကို ၄၅ ရက်အတွင်း အပြီးလုပ်ဆောင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မေ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည့် ကျူးကျော်စာရင်းကောက်ယူရေးဆိုင်ရာရှင်းလင်းပွဲတွင် ပြောကြားထားသည်။

ယင်းကဲ့သို့ ကျူးကျော်နေထိုင်သူများကို စာရင်းကောက်ယူရာတွင် ခေတ်မီနည်းပညာများကို အသုံးပြုမည်ဖြစ်ကြောင်း၊ ကျူးကျော်များတွင် နေထိုင်သည့်သူများကို စနစ်တကျရှိသည့် ယာယီနေစရာများကို စီစဉ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးသွားမည်ဖြစ်သော်လည်း မှတ်ပုံတင်ပြီးသော သူများကို အခြားနေရာများတွင် ကျူးကျော်အဖြစ် ထပ်မံတွေ့ရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း၊ ကျူးကျော်တဲများကို အကြောင်းပြု၍ လုပ်စားနေသည့်သူများ၊ ဂိုဏ်းအဖွဲ့များကို တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း၊ ကျူးကျော်စာရင်းများကောက်ယူမည့် နယ်မြေများကို ဒေသန္တရအမိန့်ထုတ်ပြန်ကာ စာရင်းကောက်မည့်အဖွဲ့များ၏ လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အနီးကပ်လုံခြုံရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မလိုက်နာသူများကိုလည်း ပုဒ်မ ၁၈၈ အရ အရေးယူမည်ဖြစ်ကြောင်းနှင့် အစိုးရပိုင်မြေ၊ စည်ပင်သာယာပိုင်မြေ၊ ပုဂ္ဂလိကပိုင်မြေများပေါ်တွင် ထပ်မံကျူးကျော်နေထိုင်သူများကို မေ ၂၅ ရက်မှစတင်ကာ ကျူးကျော်အဖြစ် သတ်မှတ်မည်မဟုတ်ဘဲ တည်ဆဲဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က အဆိုပါရှင်းလင်းပွဲတွင် ပြောကြားထားသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် လူဦးရေ ခြောက်သိန်းကျော်ရှိကာ ကျူးကျော်တဲ ၈၀၀၀ ကျော်ရှိပြီး ကျူးကျော်နေထိုင်သူ အများဆုံးဖြစ်ကြောင်း သိရသည့်အပြင် ကျူးကျော်နေထိုင်မှုအနေဖြင့် အရှေ့ပိုင်းခရိုင်တွင် အိမ်ခြေလေးသောင်းကျော်နှင့် အိမ်ထောင်စုကိုးသောင်းကျော်၊ လူဦးရေ စုစုပေါင်း တစ်သိန်းငါးသောင်းကျော်ရှိကြောင်း၊ အနောက်ပိုင်းခရိုင်တွင် အိမ်ခြေနှစ်ထောင်ကျော်နှင့် အိမ်ထောင်စုနှစ်ထောင့်လေးရာကျော်၊ လူဦးရေ စုစုပေါင်း ရှစ်ထောင်ကျော်ရှိကြောင်း တိုင်းဒေသကြီး အစိုးရမှရရှိသည့် ခန့်မှန်းစာရင်းများအရ သိရသည်။

ထို့အပြင် တောင်ပိုင်းခရိုင်တွင် အိမ်ခြေ နှစ်သောင်းသုံးထောင်ကျော်နှင့် အိမ်ထောင်စု နှစ်သောင်းသုံးထောင်ကျော်၊ လူဦးရေ စုစုပေါင်းကိုးသောင်းသုံးထောင်ကျော်ရှိကြောင်း၊ မြောက်ပိုင်းခရိုင်တွင် အိမ်ခြေလေးသောင်းကိုးထောင်ကျော်နှင့် အိမ်ထောင်စု ငါးသောင်းကျော်၊ လူဦးရေစုစုပေါင်း တစ်သိန်းခုနှစ်သောင်းကျော်မှာ တရားမဝင် ကျူးကျော်နေထိုင်လျက်ရှိကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။ ■



# ဥတ္တရလေညှင်း ပန်းချီအနုပညာပြပွဲပြုလုပ်

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ပန်းချီ၊ ပန်းပု အစည်းအရုံးမှ လေးကြိမ်မြောက်ကျင်းပသည့် ဥတ္တရလေညှင်းအမည်ရှိ ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ အနုပညာအစည်းအရုံး(ဗဟို) ပန်းချီပြခန်း၌ ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ပြီး စိတ်ဝင်စားသူမည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ပန်းချီပညာရှင်တစ်ဦးဖြစ်သူ ဦးအောင်လင်းက "ဒီဘက်ခေတ်နောက်ပိုင်း ပန်းချီဆရာတွေအနေနဲ့ သူတို့ရေးချင်တဲ့၊ တင်ဆက်ချင်တဲ့ အနုပညာရပ်တွေကို လွတ်လပ်စွာဖော်ထုတ်ခွင့်ရလာတဲ့အတွက် ပိုပြီးအာရုံစိုက်လာကြတယ်။ အရင်က ပန်းချီလောကမှာလည်း နှင်းဆီပန်းအနီတစ်ပွင့်တည်းရေးလို့မရတာမျိုး၊ အဲလို စိစစ်ရေးက လွတ်လပ်ခွင့်ကို ချုပ်နှောင်ထားခဲ့တာတွေရှိတယ်။ အခု ဒီပြခန်းမှာဆိုရင် ပန်းချီပညာရှင်တွေက စိတ်ကြိုက်ရေးဆွဲထားတာတွေ တွေ့ရမှာပါ"ဟုပြောသည်။

အဆိုပါ ပန်းချီပြပွဲတွင် နိုင်ငံကျော်ပန်းချီဆရာကြီး သုခမ ဦးအုန်းခင်အပါအဝင် ပန်းချီပညာရှင် ၃၀ ကျော်ရေးဆွဲတင်ဆက်ထားသည့် ထင်ရှားကျော်ကြားသည့် နိုင်ငံ့ခေါင်းဆောင်များ၏ ပုံတူပန်းချီကားများနှင့် နှင့် မြန်မာ့ယဉ်ကျေးမှု မူဘောင်ထဲတွင်ရှိသည့် တိုင်းရင်းသားတို့၏ ရိုးရာ အကအလှပုံများ၊ ပုံတူပန်းချီကားများ၊ ရှုမျှော်ခင်းပုံလက်ရာများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

**(သီသီမင်း)**

# စီးပွားရေးစကားဝိုင်းဟောပြောဆွေးနွေးပွဲ မန္တလေးမြို့၌ လစဉ်ကျင်းပမည်

**မန္တလေး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီက ကြီးမှူး၍ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့တို့တွင် မန္တလေးဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်များ အသိအမြင်ကြွယ်ဝပြီး စိတ်ကူးသစ်များ ပိုမိုရရှိစေရန်ရည်ရွယ်၍ Wisdom Talk Of MRCCI နှင့် SME Sunday Talk စီးပွားရေးစကားဝိုင်းဟောပြော ဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

စီးပွားရေးစကားဝိုင်း ဟောပြောဆွေးနွေးပွဲဖြစ်မြောက်ရေး စာနယ်ဇင်းရှင်းလင်းပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းနှင့် (၃၄)လမ်းထောင့်ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် ကျင်းပခဲ့သည်။

စီးပွားရေးစကားဝိုင်း ဟောပြောဆွေးနွေးပွဲတွင် ကုန်သွယ်ရေးဦးစီးဌာန၊ ကုမ္ပဏီများ မှတ်ပုံတင်ဌာနများမှ ဇွန် ၁၇ ရက်တွင် ကုမ္ပဏီများဖွဲ့စည်းလုပ်ကိုင်ခြင်းကိုလည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ဦးမျိုးသိန်း (မျိုးသိန်းအီလက်ထရွန်နစ်)က စီးပွားရေးလုပ်ငန်းတွင် အံ့ဝင်ခွင်ကျဖြစ်အောင် လုပ်ဆောင်ခြင်း၊ စာရေးဆရာကျော်ရင်မြင့်က စီးပွားရေးလုပ်ငန်းရဲ့ သတင်းအချက်အလက်များကို စီမံဆောင်ရွက်ခြင်း၊ ဇူလိုင် ၃၁ ရက်တွင် ဦးအောင်ဆန်းဝင်း (အောင်သမာဓိ)က အရင်းအနှီးမရှိဘဲ စီးပွားရေးဘယ်လိုထူထောင်မှာလဲကို လည်းကောင်း၊ ဦးခင်မောင်ဦး (တရားလွှတ်တော်ရှေ့နေ)လုပ်ငန်း ကုန်အမှတ်တံဆိပ်များနှင့် ပတ်သက်၍ ဆောင်ရန် ရှောင်ရန်များကိုလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် အကောက်ခွန်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများကို လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် ဦးခင်မောင်ဝင်းက စီးပွားရေးလုပ်ငန်းအောင်မြင်စေရန် ဘာလုပ်ရမှာလဲ၊ ဘယ်သွားရမှာလဲ၊ ဘာတွေကြိုလုပ်ထားရမှာလဲ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါ်စိုးစိုးဝေက လုပ်ငန်းခွင်ဝင်လိုသူများ ပြင်ဆင်စရာခေါင်းစဉ်များဖြင့် လည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ဝင်စားသူများ အခမဲ့ တက်ရောက် ဆွေးနွေးနိုင်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# အသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇွန် ၁၆**

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ချိုနှင့်အဖွဲ့၊ မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဒေါ်ညို၊ အမှတ်(၅၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (အလုံ)မှ တပ်ဖွဲ့စုမှူး ဒု-ရဲမှူးလှဘုန်းကျော်နှင့်အဖွဲ့သည် ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောရပ်ကွက်ရှိ ပရိဘောဂစက်ရုံသို့ သွားရောက်ပြီး ပြည်သူ့အသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးကုသခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် အမှတ်(၅၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(အလုံ)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး လှဘုန်းကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ဟောပြောပြီး သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဝန်ထမ်းများအား တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးကုသပေးကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**


# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေး၊ နယ်စပ်ဒေသ စီမံခန့်ခွဲမှုဆိုင်ရာများနှင့် နယ်စပ်ဒေသလုံခြုံရေးဆောင်ရွက်မှုများ ဆွေးနွေး



**နေပြည်တော် ဇွန် ၁၆**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ အိန္ဒိယ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် (ဝန်ကြီးချုပ်ရုံးဝန်ကြီး) မစ္စတာ အာဂျစ် ဒိုဘယ်လ်အား ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ ပထမသက်တမ်းကာလမှ ဒုတိယသက်တမ်းသို့ အေးအေးချမ်းချမ်းဖြင့် အောင်မြင်စွာလွှဲပြောင်းခဲ့မှုနှင့် တည်ငြိမ်စွာ ဆက်လက်လုပ်ဆောင်မှုအခြေအနေများ၊ ငြိမ်းချမ်းရေးကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေး၊ နယ်စပ်ဒေသ စီမံခန့်ခွဲမှုဆိုင်ရာများနှင့် နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး ယာယီတာဝန်ခံ၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြဝတီ)**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Eurosatory 2016 ကုမ္ပဏီပြခန်းများ၌ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၁၆**
ပြင်သစ်နိုင်ငံတွင်ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇွန် ၁၄ ရက် နံနက်ပိုင်းက ပြင်သစ်နိုင်ငံတွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာကာကွယ်ရေး၊ မြေပြင်နှင့် ဝေဟင်လုံခြုံရေးဆိုင်ရာပြပွဲ "Eurosatory 2016" သို့ရောက်ရှိပြီး Hall -6 ခန်းမအတွင်း ခင်းကျင်းပြသထားသော ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြဝတီ)**

# လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းပြီး ကုန်ထုတ်စွမ်းအားတိုးတက်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသိပညာပေးဟောပြောပွဲများပြုလုပ်

**ရန်ကုန် ဇွန် ၁၆**
လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းပြီး ကုန်ထုတ်စွမ်းအား တိုးတက်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်ရုံအလုပ်ရုံများမှ အလုပ်ရှင်နှင့် အလုပ်သမားများကို အလုပ်သမားရေးရာဥပဒေ၊ နည်းဥပဒေများအပေါ် သိရှိနားလည်စေရန် ဧပြီလနှင့် မေလတို့အတွင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနက အသိပညာပေးဟောပြောပွဲများပြုလုပ်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က "ကျွမ်းကျင်လုပ်သားတွေ များပြားလာတာနဲ့အမျှ စံချိန်မီကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်မှာဖြစ်တယ်။ အမှာစာနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုရရှိလာနိုင်မှာဖြစ်တယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးအတွက် အလုပ်ရှင် အလုပ်သမား အသိစိတ်ဓာတ်ပြည့်ဝစွာနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်တယ်။ မလိုလားအပ်တဲ့ အငြင်းပွားမှုတွေ မဖြစ်ဖို့အတွက်လည်း အပြန်အလှန် ယုံကြည်မှုရှိပြီး ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ရန် လိုအပ်တယ်။ ဥပဒေ၊ နည်းဥပဒေတွေသိရှိဖို့လည်း လိုအပ်တဲ့အတွက် အသိပညာပေး ဟောပြောပွဲတွေ ပြုလုပ်နေပါတယ်"ဟု ပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန ၄၈၉ ရုံမှ အလုပ်သမား ၁၃၃၉ ဦးတို့ကို အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနက အသိပညာပေးဟောပြောခဲ့သည်။

ထို့ပြင် ရက် ၁၀၀ စီမံချက်အတွင်း တိုင်းဒေသကြီး/ ပြည်နယ် စစ်ဆေးရေးမှူးများနှင့် ခရိုင်စက်မှုဇုန်ရုံး၊ အထူးစီးပွားရေးဇုန်ရုံး၊ မြို့နယ်ရုံးများရှိ စစ်ဆေးရေးမှူးများကလည်း ဧပြီမှ ဇွန် ၁၄ ရက်အထိ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန ၁၅၆၀ မှ အလုပ်သမား ၇၆၁၈၈ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအလိုက် အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး ကျန်ရှိနေသည့် စက်ရုံ၊ အလုပ်ရုံများကိုလည်း အသိပညာပေး ဆွေးနွေးပွဲများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။ **(သီသီမင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)၌ဖော်ပြခဲ့သည့် 'မြန်မာ-ဘင်္ဂလားဒေ့ရှ် ခြံစည်းရိုးကာရံခြင်းအတွက် အသုံးစရိတ်စာရင်း' ဇယား၌ ဘဏ္ဍာရေးနှစ်နှင့် ကိန်းဂဏန်းများဖော်ပြရာတွင် နေရာလွဲမှားခဲ့ပါသဖြင့် **"၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် မူလခန့်မှန်းခြေ ကျပ် ၃၀၁၈ ဒသမ ၂၅၃ သန်း၊ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၀၀၄၄ ဒသမ ၃၀၇ သန်း စုစုပေါင်း ကျပ် ၁၃၀၆၂ ဒသမ ၅၆၀ သန်း၊ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၃၆၈၈၁ ဒသမ ၃၇၃ သန်း သုံးစွဲခဲ့ပြီး ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားမှုမရှိ"**ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် ဇွန် ၁၆**
"နိုင်ငံတကာယောဂနေ့" အတွက် ဒုတိယအကြိမ်မြောက် ကျင်းပမည့် "အပြည်ပြည်ဆိုင်ရာယောဂနေ့"အခမ်းအနားကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ လာမည့် ဇွန် ၁၉ ရက် နံနက် ၈ နာရီမှ ၁၀ နာရီထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှသိရသည်။

ဇွန် ၂၁ ရက်တွင်ကျရောက်မည့်အဆိုပါ "အပြည်ပြည်ဆိုင်ရာယောဂနေ့" အခမ်းအနားကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး ဇွန် ၁၉ ရက်တွင် ကျင်းပမည့် "အပြည်ပြည်ဆိုင်ရာယောဂနေ့"အခမ်းအနားတွင် အခြေခံအဆင့်၊ အလယ်အလတ်အဆင့်၊ အဆင့်မြင့်အဆင့်ဟူ၍ အမျိုးအစားများ ခွဲခြားထားရှိပြီး လူဦးရေ ၄၀၀ ကျော်မှ အိန္ဒိယနိုင်ငံရှိ ဆရာမတစ်ဦးအပါအဝင် မြန်မာနိုင်ငံမှ ဆရာ ဆရာမ ၂၃ ဦးရှေ့၌ လေ့ကျင့်သရုပ်ပြသသွားမည်ဖြစ်ကာ လာရောက်ကြည့်ရှုသူများအနေဖြင့် ယောဂလေ့ကျင့်ခန်းကို ပါဝင်လေ့ကျင့်လိုပါက အနီးအနားရှိ ဆရာ ဆရာမများနှင့်လည်းကောင်း၊ သံရုံးရှိ ယောဂသင်တန်းများ၌လည်းကောင်း ဝင်ရောက်လေ့လာသင်ယူနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သံရုံးဒုတိယအကြီးအကဲ B.Shyam က "ယောဂကျင့်စဉ်ဟာ လေ့ကျင့်ခန်းတစ်ခုမဟုတ်ပါဘူး။ လူသားတွေနဲ့သဘာဝကို ညီညွတ်မျှတအောင် ထိန်းညှိပေးခြင်းပဲဖြစ်ပါတယ်။ ယောဂကျင့်စဉ်ဟာ နေ့စဉ်ကြုံတွေ့နေရတဲ့စိတ်ဖိစီးမှုတွေကို တစ်နည်းတစ်ဖုံ လျှော့ချပေးနိုင်မှာဖြစ်ပြီး ခန္ဓာကိုယ်မှာရှိတဲ့ ဓာတုအဆိပ်အတောက်တွေကိုလည်း တစ်နည်းတစ်ဖုံနဲ့ ဖယ်ရှားပေးနိုင်မှာဖြစ်ပါတယ်။ ယောဂကျင့်စဉ်ကို လေ့ကျင့်ခြင်းအားဖြင့် စိတ်ပျော်ရွှင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။ ယောဂလေ့ကျင့်ခန်းမှာဆိုရင် ကိုယ်လက်လှုပ်ရှားတဲ့ သရုပ်ပြမှုများအပြင်အသက်ရှူဖို့ လုပ်ဆောင်တဲ့လေ့ကျင့်ခန်းများလည်းရှိပါတယ်။ တကယ်လို့ ဒီယောဂလေ့ကျင့်ခန်းကို ထဲထဲဝင်ဝင်လေ့လာကြမယ်ဆိုရင် ဒီထက်များပြားတဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် အလုပ်သိပ်များတဲ့သူတွေအတွက် ၁၅ မိနစ်လောက် ယောဂလေ့ကျင့်ခန်းကို ပြုလုပ်မယ်ဆိုရင် အလုပ်ရဲ့ဖိအားဒဏ်ကို ကာကွယ်နိုင်မှာပါ။ ယောဂကျင့်စဉ်လေ့ကျင့်ခန်းဟာ တစ်နှစ်မှတစ်ကြိမ်လေ့ကျင့်ရတာမဟုတ်ပါဘူး။ နေ့စဉ်လေ့ကျင့်ရမယ့် ပညာရပ်တစ်ခုဖြစ်ပါတယ်" ဟု ရှင်းပြသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပသော (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ကမ္ဘာ့အသိုက်အဝန်းကြီးကို "အပြည်ပြည် ဆိုင်ရာယောဂနေ့" ပြဋ္ဌာန်းကျင်းပရန် တိုက်တွန်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံအဖွဲ့ဝင် ၁၉၃ နိုင်ငံက ယင်းအဆိုကို ထောက်ခံခဲ့ကြပြီး နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ပူးပေါင်းဆောင်ရွက်မည်ဟု ကတိပြုခဲ့ကြကာ ဇွန် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ ယောဂနေ့ဟူ၍ တည်ထောင်သတ်မှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊ ထို့အပြင် အိန္ဒိယသံရုံးသည် ရန်ကုန်မြို့ရှိ ယောဂသင်တန်းကျောင်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် "အပြည်ပြည်ဆိုင်ရာယောဂနေ့" အခမ်းအနား အကြိုလှုပ်ရှားမှုများကို အင်းလျားကန်ဘေး၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ပြည်သူ့ဥယျာဉ်၊ မဟာဗန္ဓုလပန်းခြံ၊ ဆီဒိုးနားဟိုတယ်အနီးရှိ မြကျွန်းသာအပန်းဖြေဥယျာဉ်၊ ကျိုက္ကဆံအားကစားကွင်း၊ ဗိုလ်တထောင်စေတီ၊ ဂျွန်းရှင်းစကွဲနှင့် စိန့်မေရီသီလရှင်ကျောင်းများ၌ ပြီးခဲ့သည့် ဇွန် ၁၁ ရက် နှင့် ၁၂ ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ ကျင်းပခဲ့ကြောင်း၊ အိန္ဒိယသံရုံးအနေဖြင့် ပထမအကြိမ်ကျင်းပခဲ့သည့် "အပြည်ပြည်ဆိုင်ရာယောဂနေ့" အခမ်းအနားကို သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ၌ ၂၀၁၅ ခုနှစ် ဇွန် ၂၁ ရက်နံနက် ၈ နာရီမှ ၁၀ နာရီထိ ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သိရသည်။ **(ပွင့်သစ္စာ)**

■



ပထမအကြိမ်ကျင်းပခဲ့သည့် "အပြည်ပြည်ဆိုင်ရာယောဂနေ့" အခမ်းအနားကိုတွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နိုင်ငံတကာညေ့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ နံနက် ၁၀ နာရီတွင် ဂျာမနီနိုင်ငံ အလုပ်သမားရေးရာနှင့် လူမှုရေးဝန်ကြီးဌာန State Secretary Mrs. Yasmin Fahimi အားလည်းကောင်း၊ နံနက် ၁၁ နာရီတွင် ကိုရီးယားနိုင်ငံ KOTRA မှ Executive Vice-President ဖြစ်သူ Mr. Yun Won- Sok အား လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. LIU Cigui အားလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမနှင့် ဧည့်ခန်းမတို့၌ သီးခြားစီတွေ့ဆုံသည်။

ဂျာမနီနိုင်ငံ အလုပ်သမားရေးရာနှင့် လူမှုရေးဝန်ကြီးဌာနမှ State Secretary နှင့် တွေ့ဆုံရာတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဂျာမနီနိုင်ငံ၏ အတွေ့အကြုံများအား မျှဝေပေးနိုင်ရေးကိုလည်းကောင်း၊ ကိုရီးယားနိုင်ငံ KOTRA မှ Executive Vice-President နှင့် တွေ့ဆုံစဉ် ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ကိုရီးယားနိုင်ငံသို့ လေ့လာရေးခရီး လာရောက်နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ်အုပ်ချုပ်ရေးမှူးအား တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့်အတွေ့အကြုံများ မျှဝေနိုင်ရေး၊ လေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ထောက်ပံ့ပေးနိုင်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်နိုင်ရေးတို့ကိုလည်းကောင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ရွှေဘိုဒေသ၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါး၍ ကချင်ပြည်နယ်သို့ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နေ

**ရွှေဘို ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဒေသ၌ နွေစပါးဧကသုံးသိန်းကျော် စိုက်ပျိုးထားသော်လည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေ၍ ကချင်ပြည်နယ်သို့ ရွှေ့ပြောင်းလုပ်သား(ကောက်စိုက်) အဖြစ် သွားရောက်လုပ်ကိုင်နေကြကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါရွှေဘိုဒေသသည် သဖန်းဆိပ်ဆည်ရေကို ဖေဖော်ဝါရီလ တတိယပတ်မှစတင်၍ ဆည်ရေပေးဝေမှုကြောင့် နွေစပါးများကို ဧပြီလ ဒုတိယပတ်တွင် စိုက်ပျိုးမှုအားလုံး ပြီးစီးကြသည်။ ယင်းနွေစပါးများသည် ယခုအချိန်တွင် သန္ဓေတည်ခြင်း၊ ပန်းပွင့်ခြင်း၊ ဝတ်မှုန်ကူးခြင်းကာလရောက်ရှိနေရာ ရင့်မှည့်၍ ရိတ်သိမ်းချိန်ကာလထိ ရောက်ရှိရန် အချိန်ကာလအားဖြင့် တစ်လကျော် ရက် ၄၀ ခန့် လိုအပ်လျက်ရှိသည်။ ယင်းတစ်လကျော် အချိန်ကာလတွင် အခြေခံလူတန်းစားဖြစ်သော လယ်ယာမြေပိုင်ဆိုင်မှုမရှိသူ လက်လုပ်လက်စား(မြောက်သူ) တို့သည် စားဝတ်နေရေးပြေလည်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေကြသည်။ ထိုအချိန်တွင် ကချင်ပြည်နယ်တွင် မိုးရွာသွန်း၍ စပါးကောက်စိုက်ချိန် ဖြစ်သော်လည်း လယ်ယာလုပ်သားရှားပါးနေမှုကြောင့်လည်းကောင်း၊ ရွှေဘိုဒေသရှိ ရွှေ့ပြောင်းလုပ်သားများလည်း မိမိဒေသတွင် အလုပ်အကိုင်မရှိ ဝင်ငွေမရှိ စားဝတ်နေရေး အဆင်မပြေမှုကြောင့်လည်းကောင်း၊ ရွှေဘိုဒေသ၌ နွေစပါးဧကသုံးသိန်းကျော် စိုက်ပျိုးထားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေ၍ လည်းကောင်း ကချင်ပြည်နယ်သို့ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နေကြသည်။ လူတစ်ယောက် တစ်ရက်လျှင် ကောက်စိုက်ခရငွေမှာ ပုတ်ပြတ်စနစ်ဖြစ်မှုကြောင့် ကောက်စိုက်ကျွမ်းကျင်မှုအလိုက် ကျပ် ၈၀၀၀ မှ ကျပ် ၁၀၀၀၀ ရရှိပြီး လယ်ပိုင်ရှင်က ထမင်းသုံးနပ် အခမဲ့ကျွေးကြောင်း သိရသည်။

"ကျွန်မတို့က လယ်မြေမရှိသူ လက်လုပ်လက်စား (မြောက်သူ) ဆိုတော့ တစ်ရက်လောက် အလုပ်မရှိရင် ဝင်ငွေမရှိလို့ စားဝတ်နေရေး အခက်အခဲ တွေ့ရပါတယ်။ လူတစ်ဦးမှာ တစ်ရက် ဝင်ငွေကျပ် သုံးထောင်ကျော်လောက် ဝင်ငွေမရှိရင် မိသားစုမှာ ထမင်းစားလို့ မရပါဘူး။ အခြေခံစားကုန်တွေက ဈေးမတက်တောင်မှ ဈေးမကျဘူး။ ဆန်ကြမ်းတစ်ပြည်ကို ကျပ် ၁၃၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၂၀၀၀၊ ကြက်သွန်နီတစ်ပိဿာ ကျပ် ၁၀၀၀၊ ခရမ်းချဉ်သီးတစ်ပိဿာ ကျပ် ၂၀၀၀ နဲ့ လက်လီဝယ်စားနေရတယ်။ အလုပ်ရှိတဲ့ မိုးညှင်းမြို့နယ်ထဲက ရွာတစ်ရွာမှာ မိသားစုနဲ့အတူ ကောက်စိုက်ဖို့ သွားရောက်ပြီး အလုပ်လုပ်မယ်"ဟု ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာသူ တစ်ဦးက ပြောသည်။

**(ရောင်နီတင်ဝင်း)**

❐

# မန္တလေး-ကောလင်း-မန္တလေး RBE အထူးရထားပြန်လည်ပြေးဆွဲရန် ပြည်သူများမျှော်လင့်

**ကောလင်း ဇွန် ၁၆**

မန္တလေး-ကောလင်း-မန္တလေး RBE အထူးရထားသည် တွဲဆိုင်းအသစ်များဖြင့် မန္တလေးမှ ကောလင်းသို့ စမ်းသပ်မောင်းနှင်ရာ ကောလင်းဘူတာသို့ ဇွန် ၈ ရက်က ရောက်ရှိခဲ့သဖြင့် ဒေသခံခရီးသွားပြည်သူများအနေဖြင့် ပြေးဆွဲနိုင်မည့်ရက်ကို စောင့်မျှော်လျက်ရှိသည်။

ယခုအခါ RBE ခရီးစဉ်ပြေးဆွဲနိုင်ရေး၊ ဒေသဆိုင်ရာပြည်သူများအဆင်ပြေစွာ သွားလာနိုင်ရေးတို့အတွက် ပြည်သူ့သဘောထားတောင်းခံလွှာများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါပြည်သူလူထုသဘောထားတောင်းခံရာတွင် RBE ရထားဖြင့် ခရီးသွားလာလိုမှု ရှိ/မရှိ၊ RBE ရထားသည် မန္တလေးဘူတာမှ ညနေ ၃ နာရီခွဲထွက်ခွာပြီး ကောလင်းဘူတာသို့ ည ၁၀ နာရီတွင် ရောက်ရှိသည့်အချိန်စာရင်းအား ကြိုက်နှစ်သက်မှု ရှိ/မရှိ၊ ကောလင်းဘူတာမှ ည ၁၀ နာရီခွဲ ထွက်ခွာပြီး မန္တလေးဘူတာသို့ နံနက် ၅ နာရီ မိနစ် ၂၀ အချိန်စာရင်းကို ကြိုက်နှစ်သက်မှု ရှိ/မရှိ၊ မန္တလေး-ကောလင်း-မန္တလေး ခရီးစဉ်အား လက်မှတ်ခန့်မှန်းထား ငွေကျပ် ၄၀၀၀၊ ၅၀၀၀၊ ၆၀၀၀၊ ၇၀၀၀ မည်သည့်နှုန်းထားဖြင့် ပြေးဆွဲသင့်သည်ကို အကြံပြုဖော်ပြပေးရန်၊ လက်မှတ်ခန့်မှန်းထားနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြုလိုပါက တင်ပြရန်နှင့် အခြားတင်ပြလိုသည်ကို တင်ပြရန်ဖြစ်ကြောင်း သိရသည်။

RBE အထူးရထားသည် မျက်နှာချင်းဆိုင်ထိုင်ခုံများ၊ Aircon ပန်ကာများ တပ်ဆင်ထားပြီး တွဲဆိုင်းများမှာ ခေတ်မီတွဲဆိုင်းများဖြစ်သည်။ မန္တလေး-ကောလင်း-မန္တလေး RBE အထူးရထား၏ လမ်းခရီးရပ်တန့်မည့် ဘူတာများမှာ မြို့ဟောင်းရွာထောင်၊ ဝက်လက်၊ ရွှေဘို၊ ခင်ဦး၊ ထန်းတပင်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ချပ်သင်းဘူတာတို့ဖြစ်သည်။

ဒေသဆိုင်ရာ ပြည်သူ့သဘောထားတောင်းခံလွှာများကို စုဆောင်းကောက်ယူ၍ ဇွန် ၉ ရက်က မီးရထားရုံးချုပ်(နေပြည်တော်)သို့ ပေးပို့တင်ပြထားပြီးဖြစ်ရာ ဇွန်လအတွင်း ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထား(ကောလင်း)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယခုအခါ ကောလင်း-မန္တလေးသို့ မော်တော်ယာဉ်လိုင်းများ အပြိုင်အဆိုင်ပြေးဆွဲနေသော်လည်း ခရီးသွားပြည်သူများအနေဖြင့် သက်သောင့်သက်သာဖြစ်ခြင်းနှင့် ငွေကြေးကုန်ကျမှုသက်သာသည့် မီးရထားကိုသာ အားကိုးစီးနင်းလိုကြသဖြင့် မကြာမီပြေးဆွဲမည့် RBE အထူးရထားအား လိုက်ပါစီးနင်းရန်အတွက် အထူးဝမ်းမြောက်စွာဖြင့် မျှော်လင့်နေကြကြောင်း သိရသည်။

**စိုင်းလူမင်း(မီဒီယာ)**

**❖ ရန်ကုန်မြို့မှ**

ထိုသို့ ရန်ကုန်မြို့ပြ စီမံကိန်းရေးဆွဲရေးတွင် ရန်ကုန်မြို့တော်အတွင်း အထပ်မြင့် အဆောက်အအုံများ တည်ဆောက်မှုကို စိစစ်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဥပဒေ စည်းမျဉ်း စည်းကမ်းဘောင်များအတွင်း စိတ်ချလုံခြုံစွာ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရန် လာမည့်ရက်သတ္တပတ်များအတွင်း စိစစ်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပြီး မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းဆောင်ရွက်နေသကဲ့သို့ ရေရှည်စီမံကိန်းတစ်ရပ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့တော် ယာဉ်ကြောကျပ်တည်းမှု ပြေလျော့စေရန် တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့တစ်ရပ်ကိုထူထောင်၍ မီးပွိုင့်များပြုပြင်ခြင်း၊ ဘတ်စ်ကားယာဉ်လိုင်းများ စနစ်တကျ ထူထောင်ခြင်းနှင့် အငှားယာဉ်များကိုလည်း မြို့တော် အငှားယာဉ်များအဖြစ် အသင်းအဖွဲ့များ ထူထောင်ကာ ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ရန်ကုန်မြစ်၊ ပဲခူးမြစ်၊ ငမိုးရိပ်ချောင်း စသည်တို့ကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့၏ ရေကြောင်းပို့ဆောင်ရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးလုံလောက်စွာရရှိရန် လျှပ်စစ်ထုတ်လုပ်ခြင်း၊ သွယ်တန်းခြင်း၊ ဖြန့်ဖြူးခြင်းစသည့် လုပ်ငန်းများကိုလည်း ပြန်လည်သုံးသပ်၍ အကောင်းဆုံးဖြစ်နိုင်သည့် စီမံကိန်းအသစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်နှင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်လည်း ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်မှာဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

# တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံ

**ဘားအံ ဇွန် ၁၆**

ဘားအံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အစိုးရသစ်၏ ရက်(၁၀၀)ကာလအတွင်း စီမံချက်များရေးဆွဲ၍ လုပ်ငန်းအကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



ရက်(၁၀၀)စီမံချက်ကာလအတွင်း ဘားအံမြို့နယ်အတွင်းရှိ ကော့ထော်၊ လှာကမြင်၊ လှိုင်ကမ္ဘာ၊ နောင်ထလုံး၊ ဝင်းကြုံ၊ အောက်ကော့ရင်း၊ အထက်ကော့ရင်း၊ ကော့ထမလိန်း၊ ကော့စိန်ဘန်အောက်၊ ကော့ဂွန်း၊ နှစ်ခြား၊ ရသေ့ပုံ၊ ဖားကပ်၊ ဖအွံ့(ကော့ကျိုက်)၊ ဝင်းဒရယ်၊ တရုတ်လှ၊ ကော့မူးတာ၊ မှိုင်းကံ၊ ပေါ့ထော် အစရှိသည့် ကျေးရွာအုပ်စုများသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် (CAHW)ကျေးလက်ဒေသ အခြေခံမွေးမြူရေးလုပ်သား သင်တန်းဆင်းများ ပူးပေါင်းကွင်းဆင်း၍ ကျွဲ၊ နွား အကောင်ရေ ၇၃၅၀ အား ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး၊ ပေါင်ပုပ်၊ လက်ပုပ်ရောဂါကာကွယ်ဆေး၊ ထောင့်သန်းရောဂါကာကွယ်ဆေးများကို အခမဲ့ ထိုးနှံပေးခဲ့သည်။

ထိုသို့ ကာကွယ်ဆေးများလိုက်လံထိုးနှံပေးခြင်းနှင့်အတူ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ မွေးမြူထားသည့် ဝက်ကောင်ရေ ၂၆၀ ကျော်အား ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး ဒေသကြက်များအား I2 ကြက်လည်လိမ်ရောဂါကာကွယ်ဆေးကို မျက်စဉ်း ခတ်ပေးခဲ့ကြောင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းများအတိုင်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရေးအတွက် နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်သော Extractice Industry Transparency Initiative(EITI) အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် ဇူလိုင် ၂ ရက်တွင် သတ်မှတ်ခံခဲ့ရပြီး မြန်မာနိုင်ငံအနေဖြင့် သတ္တုသယံဇာတပေါကြွယ်ဝမှုနှင့်အတူ သတ္တုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းများအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ဇွန် ၁၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည့် Sound Management of Natural Resources 2 အလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားခဲ့သည်။

ပထမအကြိမ် EITI အစီရင်ခံစာကို ၂၀၁၆ ခုနှစ် အစောပိုင်းတွင် တင်ပြခဲ့ပြီး ဒုတိယမြောက် EITI အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ဂိုလီးယားနိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် EITI တင်းပြည့်နိုင်ငံဖြစ်လာခဲ့သဖြင့် မြန်မာနိုင်ငံအနေဖြင့် မွန်ဂိုလီးယားနိုင်ငံ၏ ဆောင်ရွက်ချက်များကို လေ့လာနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့သည် ၁၉၅၆ ခုနှစ်ကတည်းက သမိုင်းဝင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး နယ်ပယ်အတော်များများတွင် လေးလေးနက်နက် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါကြောင်း၊ လွန်ခဲ့သောနှစ်က နှစ်နိုင်ငံခေါင်းဆောင်များသည် ကုန်သွယ်ရေး၊ သတ္တုတူးဖော်ရေး၊ ခရီးသွားလုပ်ငန်း နယ်ပယ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဆန္ဒပြုပါကြောင်းနှင့် မွန်ဂိုလီးယားနိုင်ငံသည် သဘာဝသယံဇာတများပေါကြွယ်ဝပြီး သတ္တုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောသည်။

ထို့နောက် မွန်ဂိုလီးယားနိုင်ငံ သတ္တုတွင်းဆိုင်ရာဝန်ကြီး H.E. Mr. Jigid R နှင့် နော်ဝေနိုင်ငံ Oslo Center မှ Mr. Kjell ManageBondevik တို့က အမှာစကားပြောကြားပြီး ဘူမိဗေဒလေ့လာရေးနှင့် သတ္တုရှာဖွေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက မြန်မာနိုင်ငံ၏ သတ္တုတွင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘူတန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Mr. Jigme Thinley က ဘူတန်နိုင်ငံ၏ သယံဇာတတူးဖော်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေအနေများ၊ သတ္တုလုပ်ငန်းတွင် အစိုးရနှင့် ပုဂ္ဂလိက ခွဲဝေမှုအချိုးများအကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါဆွေးနွေးပွဲသို့ မွန်ဂိုလီးယားနိုင်ငံသမ္မတ H.E. Mr. Elbegdorj တက်ရောက်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာသည့်အဖွဲ့အစည်းအသီးသီးက သက်ဆိုင်ရာကဏ္ဍအလိုက် စုပေါင်းဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ ရုရှားနိုင်ငံတို့မှ ဌာနအကြီးအကဲများ၊ ပညာရှင်များ တက်ရောက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဇွန် ၁၆ ရက်တွင် ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၆-၆-၂၀၁၆ ရက်နေ့က ပြုလုပ်သောပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ၂၃-၅-၂၀၁၆ ရက်နေ့မှ ၃-၆-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူမဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၁၁ ဦး ပေါင်း ၁၃ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူတစ်ဦးတို့အား အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၄၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၈၁၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၆ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၁၉၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ မဂ္ဂဇင်းအသစ်လျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်လျှောက်ထားသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



# မြန်မာနိုင်ငံကြက်ခြေနီအသင်းက ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဒုတိယအကြိမ်ဆောင်ရွက်

**ရန်ကုန် ဇွန် ၁၆**

"၂၀၁၅ ခုနှစ် ရေကြီးတဲ့အချိန်မှာ ပြည်တွင်း၊ ပြည်ပအလှူရှင်တွေက ကြက်ခြေနီအသင်းကို ငွေလှူပါတယ်။ ပြည်တွင်းက လှူတဲ့ငွေတွေကို ဧရာဝတီနဲ့ မကွေးတိုင်းဒေသကြီး၊ ပြည်ပကလှူတာကို ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ ကူညီပေးပါတယ်"ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက ပြောသည်။

ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဒုတိယအကြိမ်ဆောင်ရွက်ပြီးစီးမှုရှင်းလင်းပွဲတွင် ထိုသို့ပြောကြားခြင်းဖြစ်သည်။ ပြည်တွင်း၊ ပြည်ပအလှူရှင်များက လှူဒါန်းခဲ့သောအလှူငွေများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပထမအကြိမ်တွင် ၄၇ ရာခိုင်နှုန်း၊ ဒုတိယအကြိမ်တွင် ၉၀ ရာခိုင်နှုန်းကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းနဲ့ ဟင်္သာတမြို့နယ်တွေမှာ ကျောင်းနဲ့ဆေးခန်းတွေ တည်ဆောက်ပေးတယ်။ ကျောင်းကုန်းမှာ ရေတွင်း ၁၅ တွင်း၊ ဟင်္သာတမှာ ၁၅ တွင်း တူးပေးတယ်။ တချို့ရွာတွေမှာဆို ရေထိန်းနံရံလိုချင်တယ်။ ရွာချင်းဆက်လမ်းလိုချင်တယ်ဆိုရင် လိုအပ်ချက်အပေါ် မူတည်ပြီး လုပ်ပေးတယ်။ ပြီးတော့ အမှန်တကယ် ဆင်းရဲနွမ်းပါးတဲ့မိသားစုဆိုရင် တစ်စုကို ငွေကျပ်သုံးသိန်း ထောက်ပံ့ပါတယ်"ဟု ဒေါက်တာသာလှရွှေက ဆိုသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းက မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ကျရောက်ခဲ့ပါက တုံ့ပြန်ရန်သင်တန်းများ ဖွင့်ပေးခဲ့ကြောင်း၊ အရေးပေါ်အခြေအနေကိုတုံ့ပြန်သည့်သင်တန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေါက်တာသာလှရွှေက "မိုးလေဝသနဲ့ဇလဗေဒဦးစီးဌာနနဲ့လည်း ချိတ်ဆက်ထားပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရင် ကယ်ဆယ်ထောက်ပံ့ဖို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ပစ္စည်းသိုလှောင်ရုံ ၂၈ ရုံရှိပြီး မိသားစုတစ်ထောင်ကို ထောက်ပံ့ကယ်ဆယ်ရေးပစ္စည်း အပြည့်အစုံပေးဖို့အဆင်သင့်ထားတယ်။ ကုန်သွားတယ်ဆိုရင် ပြန်ဖြည့်တယ်။ သဘာဝဘေးတစ်ခုခုဖြစ်ခဲ့ရင် မြို့နယ်၊ ရပ်ကွက်အသင်းတွေက သွားရောက် ကူညီရတယ်။ ဗဟိုက မြို့နယ်၊ ရပ်ကွက်အသင်းတပ်ဖွဲ့ဝင်တွေကို လူအား၊ ငွေအား၊ ပစ္စည်းအားတွေနဲ့ နည်းပညာတွေ ကူညီပါတယ်"ဟု ရှင်းပြသည်။

မြို့နယ်၊ ရပ်ကွက်အသီးသီးမှာရှိသည့် ကြက်ခြေနီအသင်းဝင် လူငယ်များအရည်အသွေးမြှင့်ရန်၊ လူငယ်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန် မြို့နယ် ၁၅၀ တွင် လူငယ်ကော်မတီများဖွဲ့စည်းပြီး ဦးဆောင်မှုပေးနိုင်မည့်သင်တန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်က စတင်ခဲ့ပြီး ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများကို ကူညီပေးရန် လုပ်ငန်းစဉ် သုံးရပ်ချမှတ်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လူမှုကရုဏာလုပ်ငန်းများကို အခြေခံမူ (၇)ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# စိန်တလုံးသရက်သီး မြန်မာ့မျိုးရင်းဖြစ်ကြောင်း မှတ်ပုံတင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးပြော

**နေပြည်တော် ဇွန် ၁၆**

"စိန်တလုံးသရက်သီးကို မှတ်ပုံမတင်ဘူးဆိုရင် အိမ်နီးချင်းနိုင်ငံတွေက မျိုးတူကူးသွားလိမ့်မယ်။ ဒါကြောင့် မှတ်ပုံတင်ထားရမယ်" ဟု ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

ဇွန် ၁၃ ရက်တွင် ကဏ္ဍအသီးသီးမှ မြန်မာ့လုပ်ငန်းရှင်များနှင့် စီးပွားရေးကဏ္ဍအပြောင်းအလဲအတွက် ပြင်ဆင်သင့်သည့်အချက်များကို ပြောကြားရာတွင် ထိုသို့ ပြောကြားသွားခြင်းဖြစ်သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထွက်နေတဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ သယံဇာတတွေ၊ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ ထုတ်ကုန်တွေကို IP လုပ်ဖို့လိုပြီ။ အမြန်လုပ်မှဖြစ်မယ်။ မဟုတ်ရင် မိတ္တူလုပ်ဖို့ တော်တဲ့လူတွေ ဘေးနားမှာ ကပ်နေတယ်။ ကျွန်တော်တို့ စိန်တလုံးကို ထိုင်းကို သွားရောင်းကြည့်၊ တန်ဖိုးအများကြီးရတယ်။ အဲဒီလို ပြောင်းလဲဖို့ပြင်ဆင်ပါ" ဟု ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သီးနှံငါးမျိုးကို မြန်မာ့မျိုးရင်းဖြစ်ကြောင်း ကမ္ဘာ့အသိအမှတ်ပြု မှတ်ပုံတင်ရန် လျှောက်ထားပြီး စိန်တလုံးသရက်၊ ရွှေဘိုစပါး၊ သနပ်ခါးပင်နှင့် လက်ဖက်ခြောက်တို့ပါဝင်သည်ဟု မြန်မာနိုင်ငံဟင်းသီးဟင်းရွက်၊ သစ်သီးဝလံထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူက ပြောသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ကျောက်မျက်ရတနာနှင့် တွင်းထွက်သယံဇာတပစ္စည်းများ၊ အထည်အလိပ်လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ စသောကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍဖွံ့ဖြိုးရေးအတွက် တင်ပြခဲ့ခြင်းဖြစ်သည်။

**ကေဇူး(AMIA)**



# စစ်တောင်းမြစ်အောက်သို့ရောက်ရှိခဲ့သော ကဝမြို့နယ်မှ ရွှေတဆုပ်ရွာသားများ အလုပ်အကိုင်ရှားပါး၊ အကူအညီများ မျှော်လင့်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရွှေတဆုပ်ကျေးရွာသည် ပထဝီဝင်အနေအထားအရ အရှေ့ဘက်တွင် စစ်တောင်းမြစ်၊ အနောက်ဘက်တွင် ငွေတောင်ကျေးရွာ၊ တောင်ဘက်တွင် စာဖြူကျေးရွာ၊ မြောက်ဘက်တွင် ကသစ်ခုံကျေးရွာတို့နှင့် ထိစပ်လျက်ရှိကြောင်း၊ စစ်တောင်းမြစ်သည် မြစ်ကြောင်းကွေ့ပြီး ရေတိမ်သောကြောင့် ဒီရေအတက်အကျသည် လစဉ်နှစ်ကြိမ်ဖြစ်ကြောင်း၊ ထိုအချိန်တွင် ရေစီးအားသန်ပြီး ဒီလှိုင်းအတက်ကြမ်းသောကြောင့် ကမ်းပါးကို တိုက်စားကာ ကမ်းပြိုခြင်းဖြစ်ပေါ်ကြောင်း သိရသည်။

စစ်တောင်းမြစ်ကမ်းပါးတွင်တည်ရှိသော ရွှေတဆုပ်ရွာသည် ဒီရေတိုက်စားမှုဒဏ်ကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်ခံစားခဲ့ရပြီး ထိုအချိန်က လယ်ယာမြေများသာ ပြိုကျခဲ့သော်လည်း ယခု ၂၀၁၅-၁၆ ခုနှစ် တတိယအကြိမ်တွင် လယ်ယာမြေများသာမက လူနေအိမ်များပါ စစ်တောင်းမြစ်အောက်သို့ ရောက်ရှိကာ နေစရာမြေမရှိ ဖြစ်ခဲ့ရသည်။

ယခုဇွန်လအခြေအနေတွင် ကဝမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၂၀၁၆ ၏ စာရင်းအရ ရွှေတဆုပ်ရွာ၏ လယ်မြေဧက ၆၇၆ ဧက၊ ရွာသားများ စုပေါင်းနေထိုင်သည့်ရွာမြေ ၈၄ ဧက စုစုပေါင်းဧက ၇၆၀ မှာ စစ်တောင်းမြစ်တွင်းသို့ပြိုကျပြီး ရွာလုံးကျွတ်အိမ်ထောင်စု စုစုပေါင်း ၂၁၆ စုမှစ၍ အိမ်မဲ့ယာမဲ့ဖြစ်ကာ ယခုအခါ သက်ဆိုင်ရာအုပ်ချုပ်သူများ၊ ရပ်မိရပ်ဖများ၏အစီအစဉ်ဖြင့် မူလရွာ၏အနောက်တောင်ဘက် နှစ်မိုင်အကွာတွင်ရှိသော လယ်မြေများပေါ်တွင် ရွာသစ်တည်ကာ ထိုနေရာသို့ပြောင်းရွှေ့ကြပြီးဖြစ်သည်။

ရွှေတဆုပ်ရွာသစ်တည်ရာတွင် ရွာတွင်နေထိုင်သူ လယ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးကျော်စိုး၊ ဒေါ်အောင်မေစန်းတို့က မိမိလယ်များထဲမှ လယ်မြေဧက ၂၀ ကို လှူဒါန်းပေးသည်။ ရွာသားများအားလုံးနေထိုင်နိုင်ရန် လိုအပ်သောနောက်ထပ်မြေဧက ၃၀ ကို အခြားလယ်ပိုင်ရှင်ဦးစိန်မောင်၊ ဒေါ်ကြည်တို့ထံမှဝယ်ယူခဲ့သည်။ ထိုလယ်ရှင်က ငါးဧကကို ရွာသစ်တည်ရန်လှူဒါန်းပြီး ကျန် ၂၅ ဧကကို တစ်ဧက ပေါက်ဈေး ငွေကျပ်ခြောက်သိန်းရှိသော်လည်း သုံးသိန်းဖြင့်သာရောင်းချပေးခဲ့သည်။ ထို့ကြောင့် တာဝန်ရှိသူများက ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ရေကန်နှင့်လမ်းများ တည်ဆောက်ရန်မြေနေရာများကိုဖယ်ပြီး ကျန်မြေများကို ပေ (၈၀×၈၀) အကွက်ချကာ မြေတစ်ကွက်လျှင် ငွေကျပ်နှစ်သောင်းဖြင့် အိမ်ထောင်စုတိုင်းကိုမြေနေရာများကို မဲနှိုက်ကာ ရောင်းချပေးခဲ့သည်။ ရွှေတဆုပ်ရွာအုပ်ချုပ်ရေးမှူးက "ကျွန်တော်တို့က စာရင်းပေးထားတဲ့ အိမ်ထောင်စုအတိုင်းမြေကွက်ကို အကွက်ချပေးမယ့် အချို့ကတော့အခြားနေရာကို ပြောင်းကုန်တယ်။ အဲဒီအကွက်တွေအတွက်ပါ ကျသင့်ငွေကိုရှင်းပေးရမှာ၊ မိုးတွင်းမှာ သိပ်စိတ်မချရတော့ ဒီနေရာတွေကိုအခြားယူမယ့်သူမရှိသေးဘူး"ဟု ပြောသည်။

ယခုလက်ရှိအခြေအနေတွင် ရွာသူရွာသားအများစုမှာ အလှူရှင်များက လာရောက်လှူဒါန်းသော ဆန်၊ ဆီ စသည်တို့ကြောင့် နေ့စဉ်ဝင်ငွေအနည်းငယ်ပိုကာ ထိုငွေများဖြင့် ရွှေတဆုပ်ရွာသစ် တည်ရာနေရာ မိမိတို့မဲပေါက်သည့်နေရာများတွင် တောင်ထန်း၊ ဓနိသို့မဟုတ် ဈေးအပေါဆုံးသွပ်များဖြင့် အမိုးမိုး၍ ဝါးအိမ်များကိုတည်ဆောက်ကာနေထိုင်လျက်ရှိသည်။ အများစုသည် အိမ်ဆောက်ပစ္စည်းကို အကြွေးဖြင့်ဝယ်ယူကြသည်။ ထိုငွေကိုပြန်ဆပ်ရန်အိမ်ထောင်ဦးစီးအမျိုးသားများက နေ့စဉ်လုပ်အားခဝင်ငွေရရန် ရှာဖွေနေကြသည်။ "ကျွန်မတို့ရွာက ပြောင်းတာနှစ်ခါရှိပြီ။ အစက ရွာလယ်မှာ ခဏနေသေးတယ်။ အခုထပ်ပြိုတော့ ရွာသစ်နေရာကို ထပ်ပြောင်းရတယ်။ ကျွန်မတို့ရွာသစ်မှာ အိမ်တွေဆောက်ထားတာ သွပ်ဈေးနဲ့ တောင်ထန်းဈေးက ငွေကျပ် ၅၀၀၀ လောက်ပဲကွာတော့ သွပ်ပဲမိုးတာ။ ပင်လယ်ပြိုရင်တောင် သွပ်လေးဖြုတ်ပြီး လိပ်ယူသွားလို့ရတယ်။ သွပ်တစ်ချပ်ကလည်း ကျပ် ၃၅၀၀ လေ၊ ဝါးကလည်းအကြွေးယူလို့ရတယ်။ မိုးတွင်းမှာဘယ်လိုဖြစ်မယ် မသိသေးဘူး။ အကြွေးတွေကိုလည်း ပြန်ဆပ်နိုင်အောင် ကျွန်မယောကျ်ားလည်း နေ့စဉ်ဝင်ငွေရဖို့ အလုပ်ရအောင် ရှာနေရတယ်"ဟု အမျိုးသမီးတစ်ဦးကပြောသည်။

ရွှေတဆုပ်ရွာသစ်သည် လယ်မြေပေါ်တွင် ရွာသစ်တည်ထားသောကြောင့် သစ်ပင်တစ်ပင်မှမရှိဘဲ ကွင်းခေါင်ခေါင် နေပူကျဲကျဲ ပင်လယ်လေပူများတိုက်သည့်အကြားတွင်နေထိုင်ကြသည်။ ထမင်း၊ ဟင်းချက်ခြင်း၊ အဝတ်လျှော်ခြင်း၊ ရေချိုးခြင်းစသည်ဖြင့် နေ့စဉ်သုံးစွဲရန်ရေကို နွားရှိသူလှူနည်းစုသာ နွားလှည်းဖြင့် အနီးဝန်းကျင်ရှိ မီးလောက်ရွာသို့ လှည်းဖြင့်သွားခပ်ကြသည်။ လှည်း၊ နွားမရှိသောအိမ်ထောင်စုအများစုသည် တစ်မိုင်ကျော်ခန့်ဝေးသောနေရာတွင် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကျောင်းနေအရွယ်ကလေးများက စုပေါင်းသွားခပ်ကြရသည်။





သောက်ရေကိုအလှူရှင်များက ရက်ခြားလာရောက်လှူဒါန်းသည်။ လောလောဆယ်အခြေအနေတွင် ရွှေတဆုပ်ရွာသစ်နေ ရွာသူရွာသားများသည် အလှူရှင်များလာရောက်လှူဒါန်းမှုကြောင့် ရက်ပိုင်းအတွင်း အဆင်ပြေသော်လည်း နောင်အခါတွင် ရေအခက်အခဲများရှိနိုင်သည်။ အလှူရှင်များကရေလှောင်ကန်အသစ်တူးထားပေးသော်လည်း မိုးရွာမှရေကန်ထဲသို့မိုးရေရမည်ဖြစ်သည်။ ထိုကန်တွင်ရေကုန်ပါက သောက်ရေအခက်အခဲများ ဖြစ်ပေါ်ပေလိမ့်မည်။

အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ "ကျွန်မက ရွာထဲမှာအမြဲတမ်းရတဲ့ ရေကန်လေးရှိစေချင်တယ်။ ကမ်းမပြိုခင်က ဘုန်းကြီးကျောင်းက ကန်မှာသွားခပ်ရတယ်။ အခုကမ်းပြိုသွားတော့ရေအလှူကို မျှော်နေရတယ်"ဟု သိရသည်။ ထိုအခက်အခဲများကို ပြေလည်အောင် မည်ကဲ့သို့ဖြေရှင်းကြမည်နည်း။ ရွာတွင်ရေချိုတွင်းတစ်တွင်းကိုတူးပေးနိုင်ပါက ရေအလှူရှင်များကို မျှော်စရာမလိုသကဲ့သို့နေ့စဉ်သုံးရေကိုလည်း အဝေးတွင်သွားခပ်ရန် မလိုတော့ပေ။ နေ့စဉ်နေ့ထိုင်စားသောက်မှုဘဝကို ဖြေရှင်းရာတွင် ရွှေတဆုပ်ရွာရှိ လယ်မြေအများစုသည် ဆားငန်ရေဝင်သောကြောင့် လယ်ပိုင်ရှင်များသည် စပါးစိုက်၍ မရတော့ပေ။

အမျိုးသားများသည် အနီးဝန်းကျင်ရှိရွာများတွင် မိသားစုစားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေရရန် သွားရောက်လုပ်ကိုင်ကြသည်။ သို့သော်အမျိုးသမီးများသည် အိမ်မှုကိစ္စများကို လုပ်ကိုင်နေရသည့်အပြင် ကျောင်းနေအရွယ်ကလေးငယ်များကြောင့် အဝေးသို့သွားရောက်မလုပ်ကိုင်နိုင်ပေ။ ထို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် အလုပ်အကိုင် အခွင့်အလမ်းပိုမိုရှားပါးလာသည်ကိုတွေ့ရသည်။ ထို့ပြင် ယခင်က အလုပ်အကိုင်ရှားပါးနေချိန်တွင် ရွာရှိကုန်စုံဆိုင်များမှ ခေါက်ပြန်ကြေးဖြင့် အကြွေးယူစားကြသော်လည်း ယခုအခါ အကြွေးမဆုံးသော်လည်း အချိန်ကြာမည်ကိုစိုးရိမ်သောကြောင့် ကုန်စုံဆိုင်ရောင်းသူများက အနည်းငယ်သာရောင်းကြသည်။

အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးက "အရင်က ပင်လယ်မပြိုတော့ စပါးရိတ်ပြီး အလုပ်ပါးချိန် ကုန်စုံဆိုင်မှာ ငွေကျပ် ၁၅၀၀၀ ဖိုးလောက်ယူလို့ရတယ်။ လုပ်ခရရင်ပြန်ပေး၊ ကတိတော့တည်ရတယ်။ မတည်ရင် နောက် ကိုယ့်ကို မရောင်းမှာစိုးလို့။ အခုတော့ပင်လယ်ကလည်း စိတ်မချရတော့ ပင်လယ်ပြိုတာအကြွေးရောင်းမယ့်သူတောင် မရှိတော့ဘူး။ ရောင်းရင်လည်း ကျပ် ၅၀၀၀ ဖိုးလောက်ပဲ ရောင်းတော့တယ်။ ကျွန်မတို့ငွေလှည့်ရတာ အဆင်မပြေဘူး။ အရင်က ဒီအချိန်ဆိုကောက်စိုက်ခကြိုထုတ်သုံးထားလို့ရပြီ။ အခုလယ်တွေက ရေငန်ဝင်ပြီးဘာမှစိုက်လို့မရတော့ လယ်ရှင်တွေပါစီးပွားပျက်တာ၊ ကျွန်မတို့အတွက်တစ်နေ့ ကျပ် ၁၅၀၀ ဝန်းကျင်လောက်ရမယ့် အလုပ်လေးဖန်တီးပေးနိုင်ရင် အလှူရှင်လာလှူဖို့မျှော်စရာမလိုတော့ဘူး။ ယောကျ်ားလုပ်ခတစ်မျိုးတည်းနဲ့ မိသားစုစားဝတ်နေရေးအဆင်မပြေဘူး"ဟုပြောသည်။

ရွှေတဆုပ် ရွာသူရွာသားများနေထိုင်ရာ ရွာသစ်သည် လယ်မြေအနိမ့်ပိုင်းတွင် တည်ထားသောကြောင့် မိုးတွင်းတွင် ရေမည်မျှမြုပ်မည်နည်း။ ဇွန်လတွင် သားသမီးများ ကျောင်းဖွင့်ချိန် ထိုရေများကြားမှ မည်ကဲ့သို့ကျောင်းပို့ရမည်ကိုတွေးကာစိုးရိမ်နေကြသည်။ လာမည့်မိုးတွင်းကာလတွင် ကမ်းများထပ်ပြိုပြီး နောက်တစ်နေရာသို့ ပြောင်းကြရမည်ကို စိုးရိမ်နေကာစိတ်တထင့်ထင့်ဖြင့် နေ့စဉ်ဘဝကို ဖြတ်သန်းနေကြသည်။ ထိုကဲ့သို့သော စိတ်ပင်ပန်းမှု၊ လူပင်ပန်းမှုများကြားတွင် နေထိုင်နေရသော ရွှေတဆုပ်ရွာသားများအား သူတို့၏ဘဝကို လုံခြုံစိတ်ချစွာဖြင့် အေးချမ်းပျော်ရွှင်စွာနေထိုင်ရန် မည်ကဲ့သို့ ပြုလုပ်ပေးသင့်သနည်း။ ရွာသူရွာသားများအား နေ့စဉ်ဝင်ငွေရစေမည့် အခွင့်အလမ်းများရစေရန် မည်သို့ဖန်တီးပေးမည်နည်းစသည့် အခက်အခဲပြဿနာများကိုဖြေရှင်းပေးနိုင်ပါက ရွှေတဆုပ်ရွာသစ်သည် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်မည်ဖြစ်သည်။

ရွှေတဆုပ်ရွာသည် ရွှေတဆုပ်ပိုင်နယ်မြေအဆုံး လယ်မြေပေါ်တွင်ရွာသစ်တည်ထားသည်။ ယခုမိုးရာသီတွင် ရေမြုပ်လျက်ရှိပြီး ထိုရေများကြောင့် ရွာသားများသည် ရွာတွင်တစ်နေရာမှတစ်နေရာသို့သွားရန် အခက်အခဲများ ကြုံတွေ့ရသည်။ ကျောင်းနေအရွယ်ကလေးများသည် ကျောင်းသို့သွားရန် အခက်အခဲများ ကြုံတွေ့နေရသည်။ နွေရာသီက ရွာမြေအဆုံး စစ်တောင်းမြစ်မှ ရေများရွာထဲသို့ မဝင်စေရန် တမံတုတ်ထားသည်။ သို့သော် ယခုမိုးရာသီတွင် ရေအားများလာပြီး ရွာထဲသို့ရေဝင်မည်ကို ရွာသားများအားလုံး စိုးရိမ်နေကြသည်။ ထိုသို့ပြုလုပ်ရန်ရွာသားများ မတတ်နိုင်သောကြောင့် အလှူရှင်များကို စောင့်မျှော်နေကြသည်။

**ဒေါက်တာဇင်မာလတ်**

## ပျဉ်းမနားမြို့၌ ဆီသယ်ယာဉ်တစ်စီး တိမ်းမှောက်

**ပျဉ်းမနား ဇွန် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တွင် ယနေ့မွန်းလွဲပိုင်းက အောက်တိန်း 92 ဆီ တင်ဆောင်လာသော ၂၂ ဘီး ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မှုစစ်ဌာနမှ ရဲအုပ်ဆန်းမင်းအောင်သည် အမှတ် (၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုတွင် တာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ပျဉ်းမနားမြို့ မြို့ရှောင်လမ်းမပေါ် ဘောဂသီရိကားဝင်းအနီး မိုင်တိုင်(၁၅/၁)နှင့် (၁၅/၂)အကြား၌ ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က ယာဉ်မောင်းဇော်မင်းလတ် ဆွာမြို့နေ သူ မောင်းနှင်လာသော 6I/. . . . J.AC ၂၂ ဘီးယာဉ်သည် ရန်ကုန်မြို့မှ အောက်တိန်း 92 ဆီ ဂါလန် ၈၇၀၀ တင်ဆောင်မောင်းနှင်လာစဉ်အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဇော်မင်းလတ်တွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီးတွင် ဆေးကုသလျက်ရှိသည်။ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



# တတိယမြောက် ဂီတဖျော်ဖြေပွဲကျင်းပသွားမည့် EXO




ကေပေါ့ပ်အဖွဲ့ EXO မှ ၎င်းတို့၏ တတိယမြောက် တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပမည့်ရက်များကို အတိအကျ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

EXO အဖွဲ့အနေဖြင့် ပြည်တွင်းတွင် ရှိုးပွဲပေါင်း ငါးခုကို ဆိုးလ်မြို့ရှိ Olympic Park Gymnastics Stadium တွင် ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပမည့်ရက်များမှာ ဇူလိုင် ၂၃၊ ၂၄၊ ၂၉၊ ၃၀နှင့် ၃၁ ရက် တို့ဖြစ်ကြောင်း ဇွန် ၁၅ ရက်က အက်စ်အမ်အင်န်တာတိန်းမန့်က ထုတ်ပြန်ကြေညာခဲ့သည်။

ဖျော်ဖြေပွဲ၏ ခေါင်းစဉ်ကို လက်တင် ဘာသာစကားဖြင့် exordium ဟု ရေးသားထားပြီး အဓိပ္ပာယ်မှာ "အစပြုခြင်း"ဟု ညွှန်းဆိုကြောင်း၊ ပရိသတ်များအနေဖြင့်လည်း EXO အဖွဲ့ကို ပိုမိုရင့်ကျက်ပြီး တိုးတက်သည့် အဖွဲ့တစ်ဖွဲ့အဖြစ် မြင်လာစေရန်မျှော်လင့်ထားကြောင်း အဆိုပါကြေညာချက်တွင်ပါရှိသည်။

တောင်ကိုရီးယား-တရုတ် ပူးတွဲဖွဲ့စည်းထားသည့် EXO အဖွဲ့သည် စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင် ၁၂ ဦး အထိရှိပြီး EXO-K နှင့် EXO-M ဟူ၍ အဖွဲ့ခွဲနှစ်ဖွဲ့ ကွဲပြားခဲ့သည်။

ယခုနှစ် ဇွန် ၉ ရက်က Ex'Act အယ်လ်ဘမ်ကို ဖြန့်ချိခဲ့ပြီး Exo Planet #3 - The Exo'rdium ဟု အမည်ပေးထားသည့် အဆိုပါအယ်လ်ဘမ်၏ ပရိုမိုးရှင်းဖျော်ဖြေပွဲကို ဇူလိုင်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

EXO ၏ ၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့သည့် XOXO အယ်လ်ဘမ်သည် အချပ်ရေပေါင်း တစ်သန်းကျော်ရောင်းချခဲ့ရပြီး Golden Disk Awards ဆုနှင့် Mnet Asian Music Awards မှ ချီးမြှင့်သည့် Album of the Year ဆုတို့ရရှိခဲ့ပြီး ၁၂ နှစ်အတွင်း ရောင်းအားအကောင်းဆုံး ကိုရီးယား အနုပညာရှင်အဖြစ် သတ်မှတ်ခြင်းလည်းခံခဲ့ရသည်။




# စွန့်စားခန်းတွေနဲ့ စိတ်လှုပ်ရှားဖွယ်ကြည့်ရှုရမယ့် Now You See Me 2

Now You See Me 2 ဇာတ်ကားသည် မတရားစွပ်စွဲခံထားရသည့် မျက်လှည့်ဆရာ လေးဦးက ၎င်းတို့၏ ရိုးသားမှုကို လူအများသိအောင်ပြောပြရန်အတွက် ကြိုးစားရပုံကို ရင်ခုန်စိတ်လှုပ်ရှားစရာ စွန့်စားခန်းတွေနဲ့ ရိုက်ကူးတင်ဆက်ထားတဲ့ အက်ရှင်ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့တဲ့ Now You See Me ဇာတ်ကားရဲ့အဆက်ဖြစ်တဲ့ ယခုဇာတ်ကားသစ်ကို ဇွန်လ ၆ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာစတင်ပြသခဲ့တာဖြစ်ပြီးတော့ ဇွန် ၁၀ ရက်မှာ အမေရိကန်တစ်နိုင်ငံလုံးကို ဆန်းမစ်အင်န်တာတိန်းမန့်မှ ဖြန့်ချိခဲ့တာဖြစ်ပါတယ်။

Now You See Me 2 ဇာတ်ကားအတွက် ကုန်ကျငွေဟာ အမေရိကန်ဒေါ်လာ သန်း ၉၀ ရှိခဲ့ပြီး လက်ရှိအမေရိကန်နိုင်ငံမှာ Warcraft နဲ့ The Conjuring 2 စတဲ့ ဇာတ်ကားတွေနဲ့အပြိုင် ရုံတင်ပြသနေတဲ့ ဇာတ်ကားတစ်ကားလည်းဖြစ်ပါတယ်။ ဒါ့အပြင် နယူးယောက်မှာ စတင်ရုံတင်တဲ့နေ့ကစလို့ တတိယမြောက်ဝင်ငွေ အများဆုံးဖြစ်နေတယ်လို့လည်း သိရပါတယ်။

ဇာတ်လမ်းအကျဉ်းကိုတင်ပြရရင် မြင်းစီးသူရဲကောင်းလေးယောက်လို့တင်စားကြတဲ့ မျက်လှည့်ဆရာလေးယောက်ဟာ ထူးဆန်းတဲ့ပြကွက်တွေနဲ့ ခံ့ညားတဲ့ စင်မြင့်ဖျော်ဖြေပွဲတွေနဲ့အတူ ကမ္ဘာအနှံ့လှည့်လည်ဖျော်ဖြေနေတဲ့ မျက်လှည့်ဝိဇ္ဇာတွေအဖြစ် တစ်ကျော့ပြန်ပေါ်ထွက်လာခဲ့ပါတယ်။

သူတို့ရဲ့ရှေးဟောင်းမြားပစ်သူရဲကောင်း ရော်ဘင်ဟုစတိုင်လ်နဲ့ မျက်လှည့်ဖျော်ဖြေမှုတွေဟာ ဂရိပရိသတ်တွေတစ်ခဲနက် အားပေးမှုကိုရရှိခဲ့ပြီး တစ်ချိန်က သူတို့မလုပ်ဘဲ မတရားစွပ်စွဲခံထားရတဲ့ပြစ်မှုတွေကြောင့် သူတို့နောက်ကိုလိုက်နေတဲ့ အက်ဖ်ဘီအိုင်စုံထောက်တွေကို ရှောင်ရှားခဲ့ကြပါတယ်။

သူတို့အဖွဲ့ကို ပျက်စီးအောင် မတရားကြံစည်သူကတော့ ကိုယ်ကျင့်တရားမကောင်းတဲ့ အတတ်ပညာစွယ်စုံရ ပညာရှင်ကြီး Walter Mabry ဖြစ်ပြီး မျက်လှည့်ဝိဇ္ဇာလေးယောက်ကို သာမန်လူတွေမလုပ်နိုင်တဲ့ လုယက်ခြားပြမှုကို ကျူးလွန်စေပြီး ချောက်ချဖို့ကြိုးစားခဲ့သူပါ။

မျက်လှည့်ဝိဇ္ဇာတွေရဲ့ နောက်ဆုံးမျှော်လင့်ချက်က သူတို့အရင်မလုပ်ဖူးတဲ့ ထူးဆန်းတဲ့ပြကွက်တွေနဲ့အတူ ပရိသတ်တွေကိုတင်ဆက်ပြီး သူတို့အပေါ် မတရားစွပ်စွဲမှုတွေနဲ့၊ သူတို့အလုပ်ကို သိစေရန်တင်ပြရင်းနဲ့ သူတို့လေးယောက်ရဲ့ရိုးသားမှုကို လူအများသိအောင်ကြိုးစားရပုံကို ရင်ခုန်စိတ်လှုပ်ရှားစရာ စွန့်စားခန်းတွေနဲ့အတူ ရိုက်ကူးတင်ဆက်ထားတဲ့ ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

ဒီဇာတ်ကားကို ဇွန် ၁၇ ရက်မှာ မြန်မာနိုင်ငံမှာလည်း နေပြည်တော်၊ မင်္ဂလာစံပြနဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတွေမှာ စတင်ရုံတင်ပြသပေးသွားမှာဖြစ်ပါတယ်။

■ မျိုးစန္ဒာမောင် - စုစည်းသည် ■

# Weibo

## အာရှရုပ်ရှင်ဆုပေးပွဲတွင် ဆုရရှိခဲ့သည့် လီမင်ဟို

Weibo အာရှ ရုပ်ရှင်ဆုပေးပွဲ အခမ်းအနားကို ဇွန် ၁၃ ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပခဲ့ရာ တောင်ကိုရီးယား ရုပ်ရှင်ကြယ်ပွင့် လီမင်ဟိုက Asia Leading Film Professional Award ဆုကို ရရှိခဲ့သည်။

လီမင်ဟိုသည် တောင်ကိုရီးယား-တရုတ်-ဟောင်ကောင်ပူးတွဲထုတ်လုပ်သည့် Bounty Hunters ဇာတ်ကားသစ်ဖြင့် ယင်းဆုကိုရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဇာတ်ကားဖြင့် လီမင်ဟိုအပြင် ယင်းဇာတ်ကားဒါရိုက်တာကလည်း ဒါရိုက်တာဆုကို ရရှိဆွတ်ခူးနိုင်ခဲ့သည်။

ဇွန် ၁၄ ရက်က လီမင်ဟိုနှင့် ဒါရိုက်တာ ရှင်တေးရာတို့က ပျော်ရွှင်သော မျက်နှာအမူအရာများဖြင့် ရိုက်ကူးထားသည့် ဓာတ်ပုံကို ပရိသတ်များထံသို့ လီမင်ဟို၏ အင်စတာဂရမ်မှတစ်ဆင့် ဖြန့်ဝေခဲ့သည်။



# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၇- ၆ -၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ -အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ "ကျေးဇူးပဲလောကကြီးရေ"
- ၆း၃၀ ကာတွန်းအစီအစဉ် "The Good Dinosaur" (အပိုင်း-၂)
- ၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၂၁)
- ၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "နင်--စေလိုရာစေ"(အပိုင်း-၁)
- ၈း၅၀ MRTV Entertainment Music
- ၉း၀၀ စိုင်းထီးဆိုင်နှင့်သူ၏ အနုပညာ(အပိုင်း-၄)
- ၉း၃၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
- ၉း၄၀ တေးဂီတအစီအစဉ်
- ၉း၅၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဖခင်ကောင်း"
- နံနက်(၀၁း၃၀)နာရီ - "Live EURO 2016 Spain Vs Turkey"

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၃၅ Weekly Sport Info
- ၁၁း၃၅ အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြေတဲ့နှင်းဆီ" (အပိုင်း-၁၆)
- ၁း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဝင်ချီ"(အပိုင်း-၄၂)
- ၂း၁၀ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁)
- ၂း၄၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ရွှေချစ်သွေးနှင့် စောဖြိုးဝေ)
- ၃း၃၅ "ရှုမဆုံးတော့သည့်လူချွန်လူကောင်း၏ ပုံရိပ်လွှာ" (အပိုင်း-၂)
- ၄း၃၅ Football Magazine (ရတနာပုံယူနိုက်တက်အသင်း)
- ၅း၁၅ Chtch Asia News (47)
- ၅း၃၅ Hyper Sport
- ၆း၃၅ မှတ်မှတ်သားသားပုံပြင်များ "ကိုယ်ကျင့်တရား" (ဘလိတ်၊ ဟိန်းရှိုင်း၊ ထက်နေချမ်း၊ ချိုတေးလွင်လွင်) ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဝင်ချီ" (အပိုင်း-၄၃)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြေတဲ့နှင်းဆီ"(အပိုင်း-၁၇) -သမိုင်းကိုဖော်ပြသောဝါကျများ (ဇာတ်သဘင်ပညာရှင်ကြီး ဦးပေါက်စနှင့် တွေ့ဆုံခြင်း

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "သစ္စာအနက်(၁၆)ချက်" (အမှတ်-၃) တရားတော် [ဆရာတော်ဘဒ္ဒန္တသုနန္ဒ (ဓမ္မရံသီဆရာတော်)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၅)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (၂၀၁၆ ခုနှစ်ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနား)
- ၈း၀၀ "မင်္ဂလာပါ"The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၂)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ Food&Decor
- ၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်) (အပိုင်း-၁၈)
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း- ၄၇)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၅)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၆)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၄၈)
- ၈း၀၀ MRTV-4 သတင်း
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၃)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)(အပိုင်း-၁၉)
- ၉း၅၅ အနုပညာမိုးကောင်းကင်
- ၁၀း၁၅ MRTV-4 Stage
- ၁၀း၅၀ World of Knowledge (Naked Science: Grand Canyon )

## mitv

- 07:26 A Glance At A Naga Family Life
- 07:44 Kambawzathardi Golden Palace- A Treasured Legacy Of Golden Days
- 08:26 News Extra "China-Myanmar Bilateral Ties"
- 08:35 Myanma Pottery
- 09:26 "Myanmar's Traditions and Culture" Tea
- 09:53 Gardener: Rose Plantation
- 10:27 Applied Myanmar Traditional Martial Art (Part-2)
- 07:25 Travelogue: A Tour in Korea (Part-3)
- 07:36 Mogok: The Colourful Land of Rubies
- 07:51 Chaung Tha Souvenir Business
- 08:26 Orchidologist Dr. Saw Lwin
- 08:48 Myanmar Masterclass: Artist Win Pe Myint

# ယူရိုပြိုင်ပွဲတွင် ၁၆ သင်းအဆင့် ပထမဆုံးတက်လှမ်းသည့်အသင်း ပြင်သစ်ဖြစ်လာ

ပြင်သစ်မြေတွင် ကျင်းပလျက်ရှိသည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ နောက်အဆင့်ဖြစ်သည့် ၁၆ သင်းအဆင့်သို့ ပထမဆုံးတက်လှမ်းလာနိုင်ခဲ့သည့်အသင်းမှာ အိမ်ရှင်ပြင်သစ်အသင်း ဖြစ်လာခဲ့သည်။

ပြင်သစ်အသင်းသည် အုပ်စု(A)တွင် ဆွစ်ဇာလန်အသင်း၊ ရိုမေးနီးယားအသင်း၊ အယ်လ်ဘေးနီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ယူရို ၂၀၁၆ အဖွင့်ပွဲစဉ်အဖြစ် ရိုမေးနီးယားအသင်းနှင့် ကစားခဲ့ရာတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် အယ်လ်ဘေးနီးယားအသင်းနှင့် ကစားခဲ့ရာတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ပြင်သစ်အသင်းသည် အုပ်စုအဆင့်တွင် နှစ်ပွဲကစားပြီး နှစ်ပွဲနိုင်၊ ရမှတ်ခြောက်မှတ်ရရှိထားကာ ဆွစ်ဇာလန်အသင်းနှင့် ကစားမည့် အုပ်စု(A)၏ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မကစားမီမှာပင် ၁၆ သင်းအဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

အယ်လ်ဘေးနီးယားအသင်းနှင့် ကစားခဲ့သည့် အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် ပြင်သစ်အသင်းနည်းပြ ဒက်ချန့်သည် အသင်း၏ ပွဲထွက်ကစားသမားစာရင်းတွင် ပေါ့ဘာနှင့် ဂရစ်ဇ်မန်းတို့ကို ချန်လှပ်ကာ တိုက်စစ်ပိုင်းတွင် မာရှယ်နှင့် ကင်စလေကိုးမန်းတို့ကို အသုံးပြုခဲ့သည်။ သို့ရာတွင် ဒက်ချန့်၏ ပွဲထွက်လူစာရင်းသည် အကောင်းဆုံးရလဒ် မထွက်ပေါ်ခဲ့ခြင်းကြောင့် ပထမပိုင်းပြီးချိန်တွင် မာရှယ်၏နေရာတွင် ပေါ့ဘာကိုလည်းကောင်း၊ ကိုးမန်း၏နေရာတွင် ဂရစ်ဇ်မန်းကိုလည်းကောင်း အသီးသီးထည့်သွင်းအသုံးပြုခဲ့သည်။

ထို့ကြောင့် ပြင်သစ်အသင်းနှင့် အယ်လ်ဘေးနီးယားအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် သာမန်ပွဲကစားချိန် ပြီးဆုံးခါနီးသည်အထိ ရလဒ်ပိုင်းမှာ သိသာသောပြောင်းလဲမှုမရှိသော်လည်း ပွဲကစားချိန် မိနစ် ၉၀ တွင် ဂရစ်ဇ်မန်း၏ သွင်းဂိုးနှင့် နာကျင်အချိန်ပိုတွင် ပါယက်၏ သွင်းဂိုးတို့ ရရှိခဲ့ပြီး ပြင်သစ်အသင်းက အယ်လ်ဘေးနီးယားအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းတိုက်စစ်မှူး ပါယက်မှာ ယခုဒုတိယပွဲစဉ်တွင် ဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပြင်သစ်အသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး ပထမပွဲစဉ်ဖြစ်သည့် ရိုမေးနီးယားအသင်းနှင့် ပွဲစဉ်တွင်လည်း ပြင်သစ်အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

**(ငွေကြယ်)**





# ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါ်စကီး ပရီမီယာလိဂ်သို့ ပြောင်းရွှေ့မည်

ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါ်စကီးသည် လက်ရှိကလပ်ဘိုင်ယန်မြူးနစ်အသင်းတွင် အခြေမကျဖြစ်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်းသိရသည်။

တိုက်စစ်မှူး လီဝမ်ဒေါ်စကီးအား မန်ယူအသင်းက ခေါ်ယူရန်ဆန္ဒရှိနေပြီး ဒေ့ါမွန်အသင်းတွင် ကစားစဉ်ကတည်းက စိတ်ဝင်စားနေခြင်းဖြစ်သည်။ အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး လီဝမ်ဒေါ်စကီးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးထားကြောင်းလည်း သိရသည်။

လီဝမ်ဒေါ်စကီးမှာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိခဲ့သူဖြစ်သည်။ လက်ရှိတွင် နည်းပြဟောင်း ဂျာဂန်ကလော့မှာ လီဗာပူးအသင်းတွင် ကိုင်တွယ်လျက်ရှိခြင်းကြောင့် လီဗာပူးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရပါက လီဗာပူးသို့ ပြောင်းရွှေ့လိမ့်မည်ဖြစ်ကြောင်းလည်း သတင်းထွက်ပေါ်နေသည်။

လီဝမ်ဒေါ်စကီးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ နှစ်ရာသီကစားခဲ့ရာတွင် ဘွန်ဒက်လီဂါပွဲစဉ် ၅၇ ပွဲကစားပေးခဲ့ပြီး သွင်းဂိုး ၄၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်း၏ ခိုင်မာသည့်ကမ်းလှမ်းမှုမျိုးလက်ခံမရရှိခဲ့ပါက စာချုပ်သစ်ချုပ်ဆိုလိမ့်မည်မဟုတ်ကြောင်းလည်း သိရသည်။

**(အလင်းသစ်)**

## ဇွန် ၁၇ ရက်ည ကစားမည့် ယူရို ၂၀၁၆ အုပ်စုပွဲများ

# အီတလီ၊ ခရိုအေးရှား၊ စပိန်တို့ နိုင်ပွဲရမယ့်ယူရို ၂၀၁၆

**ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ အုပ်စုဒုတိယပွဲစဉ်တွေကို ဇွန် ၁၇ ရက်ညမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်တွေမှာတော့ နာမည်ကြီးအသင်းတွေဖြစ်ကြတဲ့ အီတလီ၊ ခရိုအေးရှား၊ စပိန်တို့လို အသင်းတွေပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

### အီတလီ - ဆွီဒင်

၁၇-၆-၂၀၁၆ ည ၇း၃၀

ဒီပွဲစဉ်ဟာ အုပ်စုဒုတိယပွဲစဉ် ဖြစ်တာနဲ့ အမျှ နောက်တစ်ဆင့်ကိုတက်ရောက်နိုင်ဖို့အတွက် အရေးပါနေတာကြောင့် နှစ်သင်းစလုံးအနိုင်ရယူနိုင်ရေး အားစိုက်ကစားကြမှာဖြစ်သလို အကြိတ်အနယ်ရှိလာမှာ သေချာနေပြီး ဘယ်အသင်းအနိုင်ရသွားမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒီပွဲစဉ်မှာ အီတလီဟာ ကစားသမားအင်အားပိုင်းပိုမိုကောင်းမွန်နေတယ်ဆိုတာ မှန်ပါတယ်။ အီတလီမှာ ပယ်လီ၊ ဇာဇာ၊ အင်ဆိုင်နီတို့လို တိုက်စစ်မှူးကောင်းတွေရှိနေသလို မော့တာ၊ ဒီရော့စီတို့လို ကွင်းလယ်ကစားသမားကောင်းတွေလည်းရှိနေတဲ့အပြင် ခံစစ်ပိုင်းမှာလည်း ချီလီနီ၊ ဘာဇာဂလီ၊ ဘိုနူချီတို့လို ကစားသမားကောင်းတွေ အများအပြားရှိနေပါတယ်။ အထူးသဖြင့် အီတလီဟာ ခံစစ်ပိုင်းကစားပုံကျစ်လျစ်တဲ့အသင်းဖြစ်သလို ပြိုင်ပွဲကြီးတွေမှာလည်း ပွဲသက်ကြာလာတာနဲ့အမျှ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်တဲ့ အစဉ်အလာလည်း ရှိပါတယ်။ ဒါပေမယ့် ဆွီဒင်ကလည်း အသင်းကောင်းတစ်သင်းဖြစ်သလို အသင်းလိုက်ကစားပုံလည်း ကောင်းမွန်မှုရှိပါတယ်။ အီဘရာဟီမိုဗစ်လို တိုက်စစ်မှူးကောင်းလည်းရှိနေကာ ဒီပွဲစဉ်မှာလည်း နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ တန်ပြန်တိုက်စစ်တွေနဲ့ အကောင်းဆုံးတုံ့ပြန်လာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း အီတလီအနေနဲ့ ဒီပွဲစဉ်မှာ ဆွီဒင်ကို လွယ်လွယ်အသာရယူနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ အီတလီ တိုက်စစ်ကလည်း ဂိုးသွင်းခြေ မတည်ငြိမ်တာကြောင့် အီတလီ အနိုင်ရရင်တောင် ပြတ်သားဖို့ခက်မယ်။

### ချက် - ခရိုအေးရှား

၁၇-၆-၂၀၁၆ ည ၁၀း၃၀

အုပ်စု(D)ရဲ့ ဒုတိယမြောက်ပွဲစဉ်တွေကို ဇွန် ၁၇ ရက်ညမှာ ယှဉ်ပြိုင်ကစားသွားဖို့ရှိနေသလို အဆိုပါပွဲစဉ်မှာ အဖွင့်ပွဲစဉ်မှာ အနိုင်ရယူနိုင်ခဲ့တဲ့ ခရိုအေးရှားဟာ ချက်နဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် ချက်ဟာ အသင်းကောင်းတစ်သင်းဖြစ်သလို ဒီပွဲစဉ်ဟာ အုပ်စုဒုတိယပွဲစဉ်ဖြစ်နေပြန်တာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။

အထူးသဖြင့် ချက်ဟာ လက်ရှိအချိန်မှာ နာမည်ကြီးကစားသမားပါဝင်မှု နည်းပါးနေပေမယ့် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိတဲ့ အသင်းဖြစ်ပါတယ်။ ဒါ့အပြင် နီဆစ်၊ လမ်ဘာ စကီး၊ ပလာဆေးစတဲ့ ကစားသမားတွေဟာလည်း နာမည်ကြီးကစားသမားတွေ မဟုတ်ပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်သူတွေဖြစ်ပါတယ်။ ဒါ့အပြင် ချက်မှာ ရိုဆစ်စကီလို အတွေ့အကြုံပြည့်ဝတဲ့ ဝါရင့်ကစားသမားတွေလည်း ပါဝင်နေတာကြောင့် ချက်ဟာ ခရိုအေးရှားကို တုံ့ပြန်ကစားနိုင်ခြေရှိနေပါတယ်။ ဒါပေမယ့်လည်း ခရိုအေးရှားဟာလည်း အသင်းကောင်းတစ်သင်းဖြစ်သလို အဖွင့်ပွဲစဉ်မှာလည်း နိုင်ပွဲရယူထားနိုင်ခဲ့တာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ခဲ့မယ်ဆိုရင် နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့သေချာသွားမှာဖြစ်လို့ ဒီပွဲစဉ်မှာလည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် ခရိုအေးရှားမှာ ကစားသမားကောင်းတွေများစွာရှိနေကာ မိုဒရစ်၊ ပီရီဆစ်၊ ရာကီတစ်၊ မန်ဇူကစ်၊ ဘရိုဇိုဗစ်၊ ကရာမာရစ်တို့လို ကစားသမားတွေရှိနေပါတယ်။ အဖွင့်ပွဲမှာ ခရိုအေးရှားရဲ့ တိုက်စစ်ကစားပုံအားနည်းခဲ့ပေမယ့် ကွင်းလယ်နဲ့ခံစစ်ကစားပုံကောင်းမွန်ခဲ့သလို ဒီပွဲမှာလည်း ချက်ကို ထိန်းချုပ်နိုင်မှာပါ။ ခရိုအေးရှားပဲ အနိုင်ရဖို့ရှိမယ်။

### စပိန် - တူရကီ

၁၈-၆-၂၀၁၆ နံနက် ၁း၃၀

အုပ်စု(D)ရဲ့ အုပ်စုဒုတိယမြောက်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ စပိန်နဲ့တူရကီတို့ ဆုံတွေ့တဲ့ပွဲကိုလည်း လာမယ့် ဇွန် ၁၇ ရက်ညမှာ ယှဉ်ပြိုင်ကစားသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာ တူရကီဟာ အဖွင့်ပွဲစဉ်တုန်းက ခရိုအေးရှားကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲရယူနိုင်ပါမှသာ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့အတွက် မျှော်လင့်နိုင်မှာဖြစ်တာကြောင့် တူရကီအနေနဲ့ စပိန်လိုအသင်းမျိုးကို အနိုင်ရယူနိုင်မလားဆိုတာက စိတ်ဝင်စားဖို့ပိုကောင်းလာပါတယ်။ တူရကီအနေနဲ့ အဖွင့်ပွဲစဉ်မှာ ခရိုအေးရှားကို ရင်ဆိုင်ကစားသွားတဲ့ခြေစွမ်းပိုင်းက မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိသလို ခံစစ်ပိုင်းကိုလည်း ကျစ်ကျစ်လျစ်လျစ်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် တူရကီဟာ အသင်းလိုက်ကစားပုံမာကျောမှုရှိသလို အာသာတူရန်၊ တူဖန်၊ တိုပယ်တို့လို ကစားသမားကောင်းတွေလည်းရှိနေပါတယ်။ ဒါပေမယ့်လည်း တူရကီအနေနဲ့ စပိန်လိုအသင်းမျိုးကိုတော့ အနိုင်ရယူနိုင်ဖို့ဆိုတာ ခက်ခဲမှုတွေ ရှိလာနိုင်ပါတယ်။ အထူးသဖြင့် တူရကီဟာ ဆိုခဲ့ပြီးတဲ့အတိုင်း အသင်းလိုက်ကစားပုံမာကျောမှုရှိသလို ခံစစ်ပိုင်းကလည်းကျစ်လျစ်မှုရှိတယ်ဆိုပေမယ့် စပိန်မှာလည်း တိုက်စစ်မှူးကောင်းတွေ အများအပြားရှိနေပါတယ်။

စပိန်မှာ မိုရာတာ၊ အဒူရစ်ဇ်၊ နိုလီတိုတို့လို တိုက်စစ်မှူးတွေရှိနေကာ အဆိုပါကစားသမားတွေဟာလည်း ခြေစွမ်းပိုင်းထက်မြက်သူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် စပိန်မှာ ဖာဘရီဂတ်စ်၊ အင်နီယေစတာ၊ ဆေးလ်ဗားတို့လို တိုက်စစ်ပိုင်းကို အကောင်းဆုံးပံ့ပိုးနိုင်သူတွေလည်း ရှိနေတာကြောင့် စပိန်တိုက်စစ်ကိုတော့ တူရကီတို့ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဒါ့အပြင် တူရကီတိုက်စစ်ကလည်း အဆုံးသတ်ပိုင်း အားနည်းနေလို့ စပိန်ပဲအနိုင်ရမယ်။

**ရှိုင်းမင်းမင်း**

# မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း

## မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**၂၀၁၆ ခုနှစ်၊ လ ရက်**

**ပြည်သူအများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့အား ကာကွယ်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) ပင်လယ်ဇုန်များဆိုသည်မှာ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့အပါအဝင် နိုင်ငံတော်နှင့် သက်ဆိုင်သည့် ပင်လယ်ဇုန်များကိုဆိုသည်။

(င) အခြေခံမျဉ်းဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲ (က) တွင် သတ်မှတ်ဖော်ပြထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

(စ) အတွင်းပိုင်းရေပြင်ဆိုသည်မှာ အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကိုဆိုသည်။

(ဆ) နိုင်ငံခြားသားဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူမဟုတ်သောသူကို ဆိုသည်။

(ဇ) ငါးဖမ်းခြင်းဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်းစသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်းပါဝင်သည်။

(ဈ) ရေယာဉ်ဆိုသည်မှာ ရေတွင်လှုပ်ရှားသွားလာနိုင်သော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်။

(ည) နိုင်ငံခြားရေယာဉ်ဆိုသည်မှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောရေယာဉ်၊ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံတစ်ခုခုတွင် မှတ်ပုံတင်ထားခြင်းမရှိသော မြန်မာနိုင်ငံသားပိုင် ရေယာဉ်နှင့် နိုင်ငံတော်ပိုင်ရေယာဉ်တို့မှအပ အခြားရေယာဉ်များကို ဆိုသည်။

(ဋ) သဘာဝသယံဇာတဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထုနှင့် ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုတို့တွင် ပါဝင်သော သက်ရှိသက်မဲ့ သယံဇာတများကို ဆိုသည်။

(ဌ) ရေမိုင်ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာရေမိုင်ကို ဆိုသည်။

**အခန်း (၂)**

**ပိုင်နက်ပင်လယ်**

၃။ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်သည် အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင်တစ်ဆယ့်နှစ်မိုင်အထိ ကျယ်ဝန်းသည်။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပိုင်နက်ပင်လယ်၊ ယင်းအောက်ရှိ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုနှင့် ယင်းအထက်ရှိ လေထုအထိ သက်ရောက်သည်။

၅။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ နိုင်ငံခြားစစ်ရေယာဉ်မှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းခွင့်ရှိသည်။ ဖြတ်သန်းမှုသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးခြင်းမရှိသရွေ့ အပြစ်ကင်းသော ဖြတ်သန်းမှုဖြစ်သည်။

(ခ) နိုင်ငံခြားစစ်ရေယဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းခွင့်ရှိသည်။

(ဂ) အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာသော နိုင်ငံခြားစစ်ရေယာဉ်ကို ပိုင်နက်ပင်လယ်မှ ချက်ချင်းထွက်ခွာသွားစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ခွင့်ရှိသည်။

၆။ ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းနေစဉ်-

(က) မည်သည့်နိုင်ငံခြားရေယာဉ်မဆို နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ခ) မည်သည့်နိုင်ငံခြားရေယာဉ်မဆို သဘာဝဘေးအန္တရာယ် သို့မဟုတ် တားဆီးရှောင်လွှဲခြင်းမပြုနိုင်သည့်အကြောင်းမှတစ်ပါး ပိုင်နက်ပင်လယ်အတွင်း ရပ်နားခြင်း၊ ကျောက်ချခြင်းမပြုဘဲ အတိုဆုံးလမ်းကြောင်းမှ ဖြတ်သန်းရမည်။

(ဂ) နိုင်ငံခြားငါးဖမ်းရေယာဉ်သည် ပင်လယ်ခရီးထွက်သည့်အခါ ငါးဖမ်းပစ္စည်းကိရိယာများကို သိမ်းဆည်းထားရှိနေကျအတိုင်း စနစ်တကျ ထားရှိရမည်။

(ဃ) နိုင်ငံခြားသုတေသနရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ သုတေသနလုပ်ငန်းကို ဆောင်ရွက်ရမည်။

(င) နိုင်ငံခြားရေငုပ်သင်္ဘောများနှင့် ရေအောက်တွင်သွားလာနိုင်သော အခြားယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းစဉ် ပင်လယ်ရေမျက်နှာပြင်ပေါ်တွင်သာ ခုတ်မောင်းရမည့်အပြင် သက်ဆိုင်ရာအလံကို လွှင့်ထူရမည်။

၇။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုပြုနေစဉ် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေသည်ဟု မှတ်ယူရမည် -

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးလွတ်လပ်ခွင့်ကိုလည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံမူများကိုလည်းကောင်း ချိုးဖောက်သော ခြိမ်းခြောက်မှု၊ အင်အားသုံးမှု သို့မဟုတ် အခြားပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ခ) မည်သည့်လက်နက်အမျိုးအစားကိုမဆို စမ်းသပ်ခြင်း၊ လေ့ကျင့်ခြင်း၊ သို့မဟုတ် အသုံးပြုခြင်း၊

(ဂ) နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကို ထိပါးစေမည့် သတင်းအချက်အလက်များ စုဆောင်းခြင်း၊

(ဃ) နိုင်ငံတော်၏လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကို ထိပါးစေသော ဝါဒဖြန့်ခြင်း၊

(င) ရေယာဉ်ပေါ်သို့ မည့်သည်ယာဉ်အမျိုးအစားကိုမဆို အတက်အဆင်းပြုလုပ်ခြင်း သို့မဟုတ် အတင်အချပြုလုပ်ခြင်း၊

(စ) ရေယာဉ်ပေါ်သို့ စစ်လက်နက်ကိရိယာများကို အတင်အချပြုလုပ်ခြင်း သို့မဟုတ် ရေယာဉ်ပေါ်မှ ပစ်လွှတ်ခြင်း၊

(ဆ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဥပဒေများနှင့် ခွင့်ပြုထားခြင်းမရှိသော ပစ္စည်း၊ ငွေ သို့မဟုတ် လူပုဂ္ဂိုလ်ကို အတင်အချပြုလုပ်ခြင်း၊

(ဇ) အဏ္ဏဝါပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန် လုပ်ဆောင်မှု တစ်ခုခုကို ပြုလုပ်ခြင်း၊

(ဈ) ငါးဖမ်းခြင်းနှင့် ငါးလုပ်ငန်းပြုလုပ်ခြင်း၊

(ည) သုတေသနလုပ်ငန်းများ သို့မဟုတ် တိုင်းတာမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဋ) နိုင်ငံတော်၏ ဆက်သွယ်ရေးစနစ်၊ အခြားအထောက်အကူပြုပစ္စည်း သို့မဟုတ် တပ်ဆင်ထားသော ပစ္စည်းကိရိယာနှင့် အဆောက်အအုံများကို နှောင့်ယှက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ဌ) အပြစ်ကင်းသော ဖြတ်သန်းမှုနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် အခြားဆောင်ရွက်ချက်တစ်ခုခုကို ပြုလုပ်ခြင်း၊

၈။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသောဖြတ်သန်းမှုကို ပြုရာတွင် သက်ဆိုင်ရာဥပဒေများကို လိုက်နာရမည့်အပြင် ပင်လယ်ပြင်၌ ရေယာဉ်တိုက်မှုဖြစ်ပွားခြင်းကို ကာကွယ်ခြင်းနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာစည်းမျဉ်းများကိုလည်း လိုက်နာရမည်။

၉။ (က) နိုင်ငံတော်သည် ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံးရေယာဉ်နှင့် အဏုမြူ သို့မဟုတ် ပင်ကိုသဘောအရ အခြားသော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများကို သယ်ဆောင်သော ရေယာဉ်အတွက် သွားလာရေးလမ်းကြောင်းကို သတ်မှတ်ပေးပြီး၊ ယင်းလမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာစေရန် ကန့်သတ်ထိန်းချုပ်နိုင်သည်။

(ခ) သက်ဆိုင်ရာရေယာဉ်သည် ပုဒ်မခွဲ (က) အရ ဖြတ်သန်းရာတွင် လိုအပ်သောစာရွက်စာတမ်းများကို ယူဆောင်လာရမည့်အပြင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ ယင်းရေယာဉ်များအတွက် သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အစီအမံများကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ အစိုးရအဖွဲ့သည် အောက်ပါအကြောင်းအချက်များကို အလေးထား၍ ရေယာဉ်သွားလာရေးလမ်းကြောင်းများနှင့် ရေယာဉ်လမ်းကြောင်း ခွဲခြားမှုစနစ်၊ အစီအစဉ်များကို ရေပုံပေါ်တွင် သတ်မှတ်ပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်-

(က) ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်ရှိသော အပြည်ပြည်ဆိုင်ရာကျွမ်းကျင်မှုအဖွဲ့အစည်း၏ အကြံပြုချက်နှင့် ထောက်ခံချက်၊

(ခ) အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုအတွက် သုံးနေကျဖြစ်သော ရေလမ်းကြောင်းများ၊

(ဂ) အထူးဝိသေသလက္ခဏာရှိသော ရေယာဉ်များနှင့် ရေယဉ်သွားလာရေးလမ်းကြောင်းများ၊

(ဃ) ရေယာဉ်အသွားအလာ ထူထပ်မှုအခြေအနေများ။

၁၁။ အစိုးရအဖွဲ့သည် -

(က) ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်းမဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို တားဆီးကာကွယ်ရန်အတွက် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ခ) အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့် ရေယဉ်များ သို့မဟုတ် အတွင်းပိုင်းရေပြင်ပြင်ပရှိ ဆိပ်ကမ်းကဲ့သို့ အသုံးပြုနိုင်သည့် နေရာသို့ ဝင်ရောက်သည့်ရေယာဉ်များနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များ ချိုးဖောက်ခြင်းကို တားဆီးကာကွယ်ရန် လိုအပ်သော အစီအမံများကို ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏လုံခြုံရေးအတွက် ကာကွယ်ရန် လိုအပ်လျှင်ပိုင်နက်ပင်လယ်အတွင်း နိုင်ငံခြားရေယာဉ်များ၏ အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်းကို ခေတ္တရပ်ဆိုင်းနိုင်သည်။ ထိုကဲ့သို့ရပ်ဆိုင်းထားခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ပြီးမှ ဆောင်ရွက်ရမည်။

၁၂။ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်အား သာမန်အားဖြင့် အခကြေးငွေ စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်သည် သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းအတွက်ကိုမူ အခကြေးငွေ စည်းကြပ်နိုင်သည်။

၁၃။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်များပေါ်တွင် ဖြစ်ပွားသော ပြစ်မှုများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များအတွက် ဖမ်းဆီးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည်-

(က) ပြစ်မှုနှင့် ဆက်စပ်အကျိုးသက်ရောက်မှုသည် နိုင်ငံတော်သို့ ပျံ့နှံ့လာနိုင်သည့်ကိစ္စရပ်ဖြစ်ခြင်း၊

(ခ) ပြစ်မှုသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး သို့မဟုတ် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိပါးစေမည့် ကိစ္စရပ်ဖြစ်ခြင်း၊

(ဂ) သင်္ဘောတွင်လွှင့်ထူထားသော အလံနှင့်သက်ဆိုင်သည့် ရေယာဉ်မှူးကဖြစ်စေ၊ နိုင်ငံ၏ သံတမန်ကိုယ်စားလှယ် သို့မဟုတ် ကောင်စစ်အရာရှိကဖြစ်စေ နိုင်ငံတော်၏ အကူအညီကို တောင်းခံလာသည့် ကိစ္စရပ်ဖြစ်ခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း၊

(င) အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ လက်နက်မှောင်ခိုမှု သို့မဟုတ် ပင်လယ်ဓားပြမှုနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ဆိုင်သော ပြုလုပ်မှုကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း။

၁၄။ နိုင်ငံခြားရေယာဉ်သည် မြန်မာနိုင်ငံ၏ အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းခဲ့ပြီးနောက် ယင်းရေပြင်မှထွက်ခွာပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းနေစဉ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များအပြင် လိုအပ်သလို ဖမ်းဆီးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည်။

၁၅။ နိုင်ငံတော်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စများတွင် တရားမကြောင်းအရ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည် -

(က) နိုင်ငံခြားရေယာဉ်က ယင်း၏ခရီးစဉ်အတွင်း လိုက်နာရန်ရှိသည့် တာဝန်ကို ပျက်ကွက်ခြင်းနှင့် ပေးဆောင်ရန်တာဝန်ရှိမှုကို ပျက်ကွက်ခြင်း၊

(ခ) နိုင်ငံခြားရေယာဉ်က အတွင်းပိုင်းရေပြင်၌ တရားမကြောင်းဆိုင်ရာ တာဝန်ရှိသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

**အခန်း(၃)**

**ဆက်စပ်ဇုန်**

၁၆။ နိုင်ငံတော်၏ ဆက်စပ်ဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်အပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင်နှစ်ဆယ့်လေးမိုင်အထိ ကျယ်ဝန်းသည်။

**စာမျက်နှာ (၁၆) သို့**

စာမျက်နှာ (၁၅) မှ

၁၇။ နိုင်ငံတော်သည် ဆက်စပ်ဇုန်တွင် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ထိန်းချုပ်မှုများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -
(က) နိုင်ငံတော်၏လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရေး၊
(ခ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ ကျန်းမာသန့်ရှင်းရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေများကို ဖောက်ဖျက်ခြင်းမပြုရန် ကြိုတင်တားဆီးကာကွယ်ရေးနှင့် ဖောက်ဖျက်သူတို့အား ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးရေး။

၁၈။ ဆက်စပ်ဇုန်၏ ပင်လယ်ကြမ်းပြင်တွင် တည်ရှိနေသော ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် သမိုင်းဝင်ပစ္စည်းများအပါအဝင် မည်သည့်ဝတ္ထုပစ္စည်းကိုမဆို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှရွှေ့ပြောင်းခြင်းမပြုရ။

**အခန်း (၄)**

**သီးသန့်စီးပွားရေးဇုန်**

၁၉။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ပိုင်နက်ပင်လယ်၏ပြင်ပတွင် တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည်။ ယင်းသီးသန့်စီးပွားရေးဇုန်သည် ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များမှအပ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ရေမိုင် ၂၀၀ ထိ ကျယ်ဝန်းသည်။

၂၀။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ရခိုင်ကမ်းရိုးတန်းဒေသတွင် ရခိုင်ကမ်းရိုးတန်းရှိ အခြေခံအမှတ် (၁၁) ခုအား ဆက်ဆွဲသော အခြေခံမျဉ်းမှ အောက်ဖော်ပြပါမျဉ်းများအထိ ကျယ်ဝန်းသည်-
(က) မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၊
(ခ) မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်းနှင့် အခြေခံမျဉ်းမှ ရေမိုင် ၂၀၀ ကွာဝေးသော စက်ဝန်းပြတ်မျဉ်းထိသောနေရာမှ ရေမိုင် ၂၀၀ စက်ဝန်းပြတ်မျဉ်း၊
(ဂ) ရေမိုင် ၂၀၀ စက်ဝန်းပြတ်မျဉ်းနှင့် ၁၉၈၆ ခုနှစ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ သဘောတူခဲ့သည့် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၏ အမှတ် (၁၆) ထိသောနေရာမှ နယ်နိမိတ်မျဉ်း၏ အမှတ် (၁၅၊ ၁၄၊ ၁၃၊ ၁၂၊ ၁၁၊ ၁၀) တို့အား အစဉ်အတိုင်း ဆက်ဆွဲထားသောမျဉ်း။

၂၁။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် မြစ်ဝကျွန်းပေါ်ဒေသတွင် မြစ်ဝကျွန်းပေါ်ရှိ အခြေခံအမှတ် (၂) ခုအား ဆက်ဆွဲသော အခြေခံမျဉ်းမှ ၁၉၈၆ ခုနှစ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ သဘောတူခဲ့သည့် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၏ အမှတ် (၁၀) နှင့် (၉) အား ဆက်ဆွဲသောမျဉ်းအထိ ကျယ်ဝန်းသည်။

၂၂။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် တနင်္သာရီကမ်းရိုးတန်းဒေသတွင် တနင်္သာရီကမ်းရိုးတန်းရှိ အခြေခံအမှတ် (၁၁) မှတ်အား ဆက်ဆွဲသော အခြေခံမျဉ်းမှ ၁၉၈၆ ခုနှစ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ သဘောတူခဲ့သည့် ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၏ အမှတ် (၉) မှ (၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ ၁) တို့အား အစဉ်အတိုင်းဆက်ဆွဲသောမျဉ်းအထိ ကျယ်ဝန်းပြီး တောင်ဘက်တွင် မြန်မာ-ထိုင်းပင်လယ်ပြင် နယ်နိမိတ်မျဉ်းအထိ ဖြစ်သည်။

၂၃။ မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်မျဉ်း၊ မြန်မာ-အိန္ဒိယပင်လယ်ပြင် နယ်နိမိတ်မျဉ်းနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်းတို့၏ ကိုဩဒိနိတ်များမှာ နောက်ဆက်တွဲ (ခ) တွင်လည်းကောင်း၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြသည့် ရေပုံမှာ နောက်ဆက်တွဲ (ဂ) တွင်လည်းကောင်း ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၂၄။ နိုင်ငံတော်သည် သီးသန့်စီးပွားရေးဇုန်အတွင်း အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -
(က) သီးသန့်စီးပွားရေးဇုန်အတွင်းရှိ ရေထု၊ ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့တွင်ရှိသော သက်ရှိ၊ သက်မဲ့၊ သဘာဝသယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေးနှင့် တူးဖော်ထုတ်လုပ်ရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး၊ ရေ၊ ရေစီးကြောင်းနှင့် လေတို့မှ စွမ်းအင်ထုတ်လုပ်ရေးအပါအဝင် အခြားသော စီးပွားရေးဆိုင်ရာ စူးစမ်းရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးနှင့် မွေးမြူရေးတို့အတွက် အချုပ်အခြာအခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များ၊
(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများ၊ ယင်းနေရာများအတွက် လုံခြုံရေးဇရိယာ သတ်မှတ်နိုင်သည့် အခွင့်အာဏာများ၊
(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးတို့အတွက် သီးသန့်အခွင့်အာဏာများ၊
(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ အဏ္ဏဝါညစ်ညမ်းမှုကို တားဆီးရေးနှင့် ထိန်းချုပ်ရေးတို့အတွက် လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများ၊
(င) ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း ၁၉၈၂ အရ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ။

၂၅။ နိုင်ငံအားလုံးသည် သီးသန့်စီးပွားရေးဇုန်အတွင်း ရေယာဉ်များ လွတ်လပ်စွာဖြတ်သန်းခွင့်၊ ယင်းဇုန်အထက်ရှိ လေထုအတွင်း လေယာဉ်များ လွတ်လပ်စွာပျံသန်းခွင့်၊ ယင်းဇုန်အတွင်း ရေအောက်ကေဘယ်ကြိုးချခွင့်၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများချခွင့်နှင့် ယင်းဇုန်အတွင်း ဥပဒေနှင့်ညီသော အသုံးပြုခွင့်များရှိသည်။ ယင်းသို့အသုံးပြုခွင့်များကို ကျင့်သုံးရာတွင် ပုဒ်မ ၂၄ ပါ နိုင်ငံတော်၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ထိခိုက်ခြင်းမရှိစေရ။

၂၆။ မည်သူမျှ သီးသန့်စီးပွားရေးဇုန်တွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -
(က) စူးစမ်းရှာဖွေခြင်း၊
(ခ) သက်ရှိ၊ သက်မဲ့၊ သဘာဝသယံဇာတပစ္စည်းများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊
(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊
(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊
(င) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း၊

၂၇။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် သီးသန့်စီးပွားရေးဇုန်အတွင်း သက်ရှိ၊ သက်မဲ့၊ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအလို့ငှာ ရေယာဉ်ပေါ်သို့တက်ရောက်ခြင်း၊ ရေယာဉ်များကို စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

**အခန်း(၅)**

**ကမ်းလွန်ရေတိမ်ပိုင်း**

၂၈။ နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းသည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး၊ ကုန်းပိုင်နက်နှင့် သဘာဝအလျောက် တစ်ဆက်တည်းဖြစ်သည့် ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ပါဝင်သည်။ နိုင်ငံတော်မှ ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်း ကော်မရှင်သို့ ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေခံမျဉ်းမှ ရေမိုင် ၂၀၀ အလွန် ကမ်းလွန်ရေတိမ်ပိုင်းအား သိပ္ပံနှင့်နည်းပညာအချက်အလက် အထောက်အထားများဖြင့် တောင်းခံထားမှုအပေါ် ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်က ထောက်ခံအတည်ပြုသည့် ကမ်းလွန်ရေတိမ်ပိုင်းဧရိယာအရ အခြားနိုင်ငံများ၏ ကမ်းလွန်ရေတိမ်ပိုင်းဧရိယာနှင့် ထပ်နေပါက ထိုနိုင်ငံများနှင့် သဘောတူခွဲခြားပြီးသည့် ဧရိယာ သတ်မှတ်ချက်အထိ ကျယ်ဝန်းသည်။

၂၉။ ကမ်းလွန်ရေတိမ်ပိုင်း၏ သဘာဝသယံဇာတပစ္စည်းများဆိုရာတွင် -
(က) ဓာတ်သတ္တုနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများ ပါဝင်သည်။ သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများတွင် ပင်လယ်အောက်ခြေ တစ်နေရာတည်း၌ အတည်တကျပေါက်ပွားလေ့ရှိသော အပင်နှင့် ဖမ်းယူသင့်သည့်အချိန်၊ ဖမ်းယူသင့်သည့်အရွယ်၌ ပင်လယ်ကြမ်းပြင်ပေါ်တွင်ဖြစ်စေ၊ ပင်လယ်ကြမ်းပြင်အောက်တွင်ဖြစ်စေ၊ မရွေ့လျားနိုင်သော သို့မဟုတ် ပင်လယ်ကြမ်းပြင်နှင့်ဖြစ်စေ၊ အောက်ခံမြေထုနှင့်ဖြစ်စေ ထာဝစဉ် ထိတွေ့နေသော သတ္တဝါများပါဝင်သည်။
(ခ) အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝ သယံဇာတပစ္စည်းများ ပါဝင်သည်။

၃၀။ နိုင်ငံတော်သည် ကမ်းလွန်ရေတိမ်ပိုင်းတွင် အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -
(က) သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေခြင်းနှင့် မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို တူးဖော်ထုတ်လုပ်ခြင်း၊
(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်း၊
(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိန်းချုပ်ခြင်း၊
(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ရေအောက် ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် အဏ္ဏဝါညစ်ညမ်းမှုကို လျှော့ချခြင်း၊ တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်း၊
(င) မြေအောက်ဥမင်လိုဏ်ခေါင်းတူးဖော်ခြင်း၊
(စ) အပြည်ပြည်ဆိုင်ရာဥပဒေအရ အခါအားလျော်စွာ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း။

၃၁။ မည်သူမျှ ကမ်းလွန်ရေတိမ်ပိုင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -
(က) စူးစမ်းရှာဖွေခြင်း၊
(ခ) သက်ရှိ၊ သက်မဲ့သယံဇာတပစ္စည်းများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊
(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊
(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို ရှာဖွေခြင်း၊ တူးဖော်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊
(င) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း၊
(စ) ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းများချခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်း။

**အခန်း (၆)**

**ထက်ကြပ်မကွာလိုက်လံဖမ်းဆီးခွင့်**

၃၂။ နိုင်ငံတော်သည် ဤဥပဒေနှင့် အခြားတည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသော မည်သည့်နိုင်ငံခြားရေယာဉ်ကိုမဆို အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ကို ကျင့်သုံးနိုင်သည်။ ယင်းသို့ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်သည် လိုက်လံဖမ်းဆီးခြင်းခံရသော နိုင်ငံခြားရေယာဉ်က ယင်း၏ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင်သော်လည်းကောင်း၊ တတိယနိုင်ငံ၏ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင်လည်းကောင်း ရပ်ဆိုင်းသည်။

**အခန်း (၇)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၃။ မည်သူမဆို ပုဒ်မ ၁၈၊ ၂၆ သို့မဟုတ် ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းသော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းသော်လည်းကောင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၆ ၊ ၇ သို့မဟုတ် ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းသော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုလျှင်သော်လည်းကောင်း သက်ဆိုင်ရာတည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၃၅။ ပုဒ်မ ၃၃ အရ ငွေဒဏ်ချမှတ်ရာတွင် ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားနှင့် သက်ဆိုင်သူဖြစ်ပါက တရားရုံးကချမှတ်သည့် ငွေဒဏ်ကို သတ်မှတ်ထားသောနှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၃၆။ ပုဒ်မ ၃၃ တွင် ဖော်ပြပါရှိသော ပြစ်မှုတစ်ရပ်ရပ်နှင့် အကျုံးဝင်သော ရေယာဉ်များအနက် စစ်ရေယာဉ်မှအပ မည်သည့်ရေယာဉ်ကိုမဆို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။ ရေယာဉ်တွင်တပ်ဆင်ထားသော ကိရိယာ၊ တန်ဆာပလာများ ရေယာဉ်ပေါ်ရှိ ပစ္စည်းများအားလုံးကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

**အခန်း (၈)**

**အထွေထွေ**

၃၇။ နိုင်ငံတော်သည် အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အရေးယူဆောင်ရွက်နိုင်သည်။

၃၈။ ဤဥပဒေအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

၃၉။ ပုဒ်မ ၃၄ အရ အရေးယူဆောင်ရွက်သည့်ကိစ္စရပ်များသည် ပုဒ်မ ၁၅ ပါ တရားမကြောင်းအရ စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည့်ကိစ္စရပ်များကို မထိခိုက်စေရ။

၄၀။ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ။

၄၁။ အစိုးရအဖွဲ့သည် မိမိလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၄၃။ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**နောက်ဆက်တွဲ (က)**

၁။ ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို သတ်မှတ်ရာ၌ နိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်း ပထဝီအနေအထားများအရလည်းကောင်း၊ ပင်လယ်ကမ်းခြေဒေသများ၏ စီးပွားရေးလိုအပ်ချက်များအရလည်းကောင်း အောက်ဖော်ပြပါ ပုံသေသတ်မှတ်ထားသည့် တည်နေရာအမှတ်များအား ဆက်စပ်၍ ရေးဆွဲထားသော အခြေခံမျဉ်းဖြောင့်မှ တိုင်းတာသည်-

၂။ ရခိုင်ကမ်းရိုးတန်း
(က) မေယုကျွန်း၏ တောင်ဘက်စွန်း (Southern Point of Mayu Island ) မြောက်လတ္တီတွဒ် ၂၀° ၁၁' ၄၉" အရှေ့လောင်ဂျီတွဒ် ၉၂° ၃၂' ၁၉"
(ခ) မြင်းကွန်းကျွန်း၏ တောင်ဘက်စွန်း (Boronga Point) မြောက်လတ္တီတွဒ် ၁၉° ၄၈' ၃၀" အရှေ့လောင်ဂျီတွဒ် ၉၃° ၀၁' ၄၂"
(ဂ) တောင်သဏ္ဍာကျွန်း (South Terribles Rock) မြောက်လတ္တီတွဒ် ၁၉° ၂၂' ၅၆" အရှေ့လောင်ဂျီတွဒ် ၉၃° ၁၆' ၂၀"
(ဃ) ဂမ္ဘီမကျောက်တန်း၏ အနောက်ဘက်စွန်း (Western Point Of Henry Rocks) မြောက်လတ္တီတွဒ် ၁၈° ၅၁' ၄၈" အရှေ့လောင်ဂျီတွဒ် ၉၃° ၂၆' ၁၅"
(င) နတ်ဗုဒ္ဓါကျွန်း ( Nerbudda Island) မြောက်လတ္တီတွဒ် ၁၈° ၂၀' ၅၀" အရှေ့လောင်ဂျီတွဒ် ၉၃° ၅၆' ၂၅"
(စ) ကျောက်လက်ဝါးကျောက်စု (Church Rocks ) မြောက်လတ္တီတွဒ် ၁၇° ၂၇' ၃၉" အရှေ့လောင်ဂျီတွဒ် ၉၄° ၁၉' ၄၆"
(ဆ) ငှက်တောင်ကျွန်းများ၏ အနောက်မြောက်ကျွန်းစု (North West Group of Hngettaung Kyun Island) မြောက်လတ္တီတွဒ် ၁၆° ၅၅' ၂၈" အရှေ့လောင်ဂျီတွဒ် ၉၄° ၁၂' ၄၅"
(ဇ) ကိုရင်ကြီးကျွန်း (Goyangyi Island) မြောက်လတ္တီတွဒ် ၁၆° ၃၀' ၂၀" အရှေ့လောင်ဂျီတွဒ် ၉၄° ၁၄' ၂၁"
(ဈ) ဆင်ပိန်ကျွဲကျောက်များ၏ တောင်ဘက်ကျောက် (South Rock) မြောက်လတ္တီတွဒ် ၁၆° ၁၈' ၅၅" အရှေ့လောင်ဂျီတွဒ် ၉၄° ၁၁' ၂၀"

**ဆက်လက်ဖော်ပြပါမည်။**

# သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော အွန်လိုင်းမှ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ဆေးဝါးများကို သုံးစွဲမှုမရှိစေရေး အသိပညာပေး

**ကျွန်းစု ဇွန် ၁၆**

ကျွန်းစုမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အစားအသောက်နှင့် ဆေးဝါးများ ရောင်းချနေသူများ၊ သုံးစွဲသူအများပြည်သူများအတွက် အသက်အန္တရာယ်ကင်းရှင်းစွာ သုံးစွဲ စားသောက်နိုင်ကြစေရန် တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဇွန် ၁၅ ရက် နံနက် ၈ နာရီက ကျွန်းစုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကျွန်းရတနာခန်းမ၌ အမျိုးသား အစားအသောက်ဥပဒေနှင့် အမျိုးသားဆေးဝါးဥပဒေများအကြောင်းကို အသိပညာဆွေးနွေးခဲ့သည်။

အသိပညာပေးဆွေးနွေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာဟိန်းမင်းထက်အောင်က အမျိုးသား အစားအသောက်ဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးကာ အွန်လိုင်းမှ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ဆေးဝါးများတွင် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော ဆေးဝါးများကို သုံးစွဲမှုမရှိစေရေးအတွက် အသိပညာပေးဆွေးနွေးခဲ့သည်။

ယင်းနောက် ၂၀၁၃ ခုနှစ် ဩဂုတ်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတုများစာရင်း၊ အလှကုန်ပစ္စည်းနှင့်ပတ်သက်သည့် သတိပေးချက်များ၊ မြေပဲဆီများနှင့်ပတ်သက်၍ အများပြည်သူသိရှိစေရန် အသိပေးကြေညာချက် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာများတွင် အစားအသောက်နှင့်ဆေးဝါးများ ရောင်းချနေသူများ၊ သုံးစွဲသူအများပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ရန်နိုင်(ကျွန်းစု မြန်/ဆက်)**

## ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေး

**ထားဝယ် ဇွန် ၁၆**

၂၀၁၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အတွက် End Child Labour in Supply Chains is everyone's business (ကလေးအလုပ်သမား အဆုံးသတ်ရေး ဖြည့်စည်းထောက်ပံ့ပေး) ဆောင်ပုဒ်နှင့်အညီ အလုပ်လုပ်ကိုင်နေသော ကလေးအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ကြရန်၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော စီးပွားရေးလုပ်ငန်း နှစ်မျိုးစလုံးတွင် အလုပ်လုပ်နေသူကလေးများ၏ အခြေခံအခွင့်အရေးများမဆုံးရှုံးစေရန်၊ ကလေးအလုပ်သမားဆိုင်ရာစစ်ဆေးခြင်း နည်းလမ်းကို သိရှိစေရန်နှင့် လက်ရှိကျင့်သုံးနေသော စည်းကြပ်ဥပဒေများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်ခဲ့သည့်ဥပဒေများကို အလုပ်ရှင်နှင့် အလုပ်သမားများအား ပိုမိုပြည့်စုံစွာ အသိပညာပေး ဆွေးနွေးနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကွန်းညောင်ရမ်းရပ် ရော်ဘာသစ်ချောထည်စက်ရုံ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနှင့် ထားဝယ်ခရိုင် ဦးစီးအရာရှိ ဒေါ်သဉ္ဇာထက်တို့က မြန်မာနိုင်ငံ၏လက်ရှိ ကလေးအလုပ်သမားဦးရေအကြောင်း ကလေးအလုပ်နှင့် ကလေးအလုပ်သမားတို့၏ အဓိပ္ပာယ်မတူညီကြောင်း၊ ကလေးအလုပ်သမားများသည် ထင်သာမြင်သာရှိသော လုပ်ငန်းနှင့် ထင်သာမြင်သာမရှိသော လုပ်ငန်းတို့၌ လုပ်ကိုင်နေကြောင်း၊ သက်ဆိုင်ရာနယ်မြေခံ စစ်ဆေးရေးများနှင့် မိမိတို့ စည်းကြပ်နယ်မြေအတွင်းရှိ စက်ရုံ၊ အလုပ်ရုံဆိုင်ရာအလုပ်ဌာနများသို့ ဝင်ရောက်စစ်ဆေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းနှစ်မျိုးဖြင့် စစ်ဆေးလျက်ရှိကြောင်း၊ မိမိတို့ဦးစီးဌာနရှိ စစ်ဆေးရေးအရာရှိများအနေဖြင့် အဓိကတာဝန်သုံးခုဖြစ်သော စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် ဥပဒေပြင်ဆင်ရေးဆွဲခြင်းများဖြင့် ကွင်းဆင်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးနေသော ဥပဒေများ၌ ကလေးများအလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်သည် ၁၄ နှစ်ဖြစ်ကြောင်း၊ အလုပ်လုပ်ကိုင်နေသော ကလေးအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးနှင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားများ ခိုင်းစေခြင်းအား အဆုံးထိ ဖယ်ရှားရေးသည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်နေကြောင်း၊ ယင်းကြောင့်ရပ်ရွာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာမိတ်ဖက်ဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူလူထု ပါဝင်စေလိုကြောင်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ စည်းကြပ်နယ်မြေအတွင်းရှိစက်ရုံ၊ အလုပ်ရုံ၊အလုပ်ရှင်၊ အလုပ်သမားနှင့် အလုပ်သမားအဖွဲ့အစည်းများ၊အလုပ်ရှင်နှင့် အလုပ်သမားများ တက်ရောက်ခဲ့သည်။

**ထားဝယ်ခရိုင်(မြန်/ဆက်)**




## ပဲခူးမြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝေးအပြေးပြိုင်ပွဲပြုလုပ်၍ ဆုများချီးမြှင့်

**ပဲခူး ဇွန် ၁၆**

၂၀၁၆ ခုနှစ် ပဲခူးမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရတာဝေးအပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၆ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာပဲခူးတက္ကသိုလ်ရှေ့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပြိုင်ပွဲအား သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး တာဝေးအပြေးအားကစားသမားအမျိုးသား ၄၀၊ အမျိုးသမီး ၅၈ ဦးတို့က ပဲခူးမြို့ မိုးလုံလေလုံအားကစားရုံရှေ့ထိ ခုနစ်မိုင်ခရီးအားယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် သတ္တမ၊ အဋ္ဌမ၊ နဝမ၊ ဒသမဆုရရှိသော အမျိုးသား၊ အမျိုးသမီးများအား ပဲခူးမြို့အားကစားနှင့် ကာယပညာဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးဝင်းကျော်နှင့် အ-ထ-က (၈)မှ ဆရာမကြီးဒေါ်နီနီဝင်းတို့ကလည်းကောင်း၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမဆုရရှိသူများအား ပဲခူးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစန်းဦးနှင့် တိုင်းဒေသကြီး အား/ကာဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့ကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အမျိုးသမီးများအား ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်ကလည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယရရှိသောအမျိုးသားများအားဒုတိယ ညွှန်ကြားရေးမှူးချုပ်ဦးထွန်းမြင့်ဦးကလည်းကောင်း တံခွန်စိုက်ဆုဖလားနှင့်ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြိုင်ပွဲတွင် အသက် ၇၈ နှစ်အရွယ်ရှိအမျိုးသားတစ်ဦးနှင့် အသက် ၁၁ နှစ်အရွယ်ရှိအမျိုးသမီးတစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ရာ အသက် ၁၁ နှစ်အရွယ်ရှိ မသီတာအောင် ဉဿာမြို့သစ်ရပ်ကွက်ကြီး (၅/၁၉)နေသူသည် ဒုတိယဆုရရှိခဲ့ကြသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်

**လောင်းလုံး ဇွန် ၁၆**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဝန်ထမ်းများသည် Norwegian Refugee Council (NRC) အဖွဲ့နှင့်ပူးပေါင်း၍ လောင်းလုံးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ဇွန် ၁၄ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ-၅နှင့် အကျုံးဝင်သော ကျောင်းသူ၊ ကျောင်းသားများအား အသက် ၁၀ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်များကို ဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့်နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ထမ်းများနှင့် (NRC) အဖွဲ့ ကွင်းဆင်းတာဝန်ခံစောအောင်ဟိန်းနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂင်ယုနှင့် ဆရာ၊ ဆရာမများပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

ဆောင်ရွက်ပြီးစီးမှုမှာကျောင်းသား ၄၁ ဦး၊ ကျောင်းသူ ၆၉ ဦးရှိကြောင်း သိရသည်။ ကျန်ရှိသည့် အထက(ခွဲ)၊ အ-လ-က (ခွဲ) ကျောင်းများကိုလည်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ ပြောကြားသည်။

**စိုးထွန်း(မြန်/ဆက်)**

## ကွမ်းစားသုံးမှုနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်း ကျဆင်းရေး အသိပညာပေးဟောပြောပွဲပြုလုပ်

**ဟသ်ာတ ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်း ကွမ်းစားသုံးမှုနှင့် စည်းကမ်းမဲ့စွာ ကွမ်းတံတွေးထွေးခြင်း ကျဆင်းရေးအတွက် ကွမ်းယာရောင်းချသူများအား အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၄ ရက် ညနေ ၃ နာရီက မြို့နယ်စည်ပင်သာယာရေး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကွမ်းစားခြင်းကြောင့် ဖြစ်ပေါ်တတ်သောသွားနှင့် ခံတွင်းရောဂါများနှင့်ပတ်သက်၍ အထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းကျော်က ကွမ်းစားခြင်းကြောင့်သွားကြွေခြင်း၊ နာခြင်း၊ ကျဉ်ခြင်း၊ ရောင်ခြင်းများဖြစ်ပွားတတ်ပြီး ပါးစောင်များမာလာကာ ပါးစပ်များမဟနိုင်ခြင်းများ ဖြစ်ပေါ်၍ ခံတွင်းကင်ဆာအဖြစ်သို့ ရောက်ရှိသွားနိုင်ကြောင်းအစရှိသည့် ဆိုးကျိုးများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်နိုင်လင်းနှင့် အမှုဆောင်အရာရှိ ဦးဖုန်းလွင်တို့က ကွမ်းစားသုံးမှု ပပျောက်ရေးနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်း ကျဆင်းရေးတွက် ဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ယင်းအသိပညာပေးပွဲသို့မြို့ပေါ်ရပ်ကွက် ၂၁ ရပ်ကွက်မှ ကွမ်းယာရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ၂၀၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ခရိုင်မြန်/ဆက်)**

## စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် မူးယစ်အန္တရာယ်တားဆီးကာကွယ်ရေး၊ နံရံကပ်ဓာတ်ပုံပြပွဲကျင်းပ

**သရက် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘော်ကျေးရွာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် မူးယစ်အန္တရာယ်တားဆီးကာကွယ်ရေး နံရံကပ် ဓာတ်ပုံပြပွဲ ပြသဆောင်ရွက်ခြင်း အခမ်းအနားကို ဘော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သခင်ဖိုးလကြီးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာမများ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ရှေးဦးစွာ ဘော်အထက်တန်းကျောင်း (ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန သရက်မြို့နယ်တာဝန်ခံ ဦးသန်းစိန်က အစားအစာများတွင် ဘေးဥပဒ်အန္တရာယ်ကျရောက်နိုင်သဖြင့် သတိပြုဝယ်ယူစားသုံးနိုင်ကြစေရန်နှင့် အသင့်ထုတ်ပေးအစားအစာများတွင် ပါဝင်သောပစ္စည်းများမှာ တာရှည်ခံဆေး၊ မှိုမတက်ရန် ဓာတုဆေး၊ ရနံ့တုများ၊ အရောင်ဆိုးဆေးနှင့် အခြားသောကုန်ကြမ်းပစ္စည်းများ ပါဝင်ပြီး ထုတ်လုပ်ရက်စွဲများမပါခြင်း၊ ပါရှိသော်လည်း စိတ်ချရမှုမရှိခြင်းတို့ကြောင့် ဆောင်ရန်၊ ရှောင်ရန်များကို အကျယ်တဝင့် ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ထိခိုက်ပြီး လူညွန့်တုံးသဖြင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ဆောင်ရန်၊ ရှောင်ရန်များကို အကျယ်တဝင့်ဟောပြောခဲ့ပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးထင်အောင်လင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်ဓာတ်ပုံပြပွဲအား ကြည့်ရှုကြရာ ခရိုင်ဦးစီးအရာရှိက ရှင်းလင်းပေးခဲ့ပြီး မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် လက်တွေ့မီးငြိမ်းသတ်ပုံကို ကျောင်းသား ကျောင်းသူများအား လက်တွေ့ပြသခဲ့ကြောင်းသိရသည်။

**ဇော်ထက်(သရက်)**

ကြေးမုံ





# ဟွေးလိုလမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း ရပ်ကွက်ပြည်သူများဖြင့် စုပေါင်းဆောင်ရွက်

**ရိခေါဒါရ် ဇွန် ၁၆**

ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်မြို့တွင်းရှိ ဟွေးလိုလမ်းတိုးချဲ့ဖောက်လုပ်ခြင်းကို ဇွန်လဒုတိယပတ်က အမှတ်(၁)ရပ်ကွက် ပြည်သူများဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟွေးလိုလမ်းသည် မြို့တွင်းရှိ အသုံးဝင်သောလမ်းမတစ်ခုဖြစ်ပြီးယခင်က အကျယ် ၈ ပေသာရှိရာ ယာဉ်သွားလာမှုအဆင်မပြေခြင်း၊ လမ်းအသုံးပြုမှုများပြားသည့် လမ်းမတစ်ခုဖြစ်ပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိလာစေရန် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ၏ သဘောတူညီမှုဖြင့် စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့မြို့ကလေးက အိန္ဒိယ-မြန်မာနယ်စပ်မြို့ဖြစ်တာရယ်၊ ဖွံ့ဖြိုးဆဲမြို့ကလေးဖြစ်တာရယ်တို့ကြောင့် အခုတိုးချဲ့ဖောက်လုပ်နေတဲ့ ဟွေးလိုလမ်းဟာဆိုရင် လက်ရှိမှာ မြို့တွင်းလမ်းအတွက်အလွန် ကျဉ်းမြောင်းပြီး လူနဲ့ယာဉ် ဝင်ထွက်သွားလာမှု များပြားပြီး မြို့တွင်းလမ်းများအနက် အသုံးများတဲ့ လမ်းတစ်ခုဖြစ်တာကြောင့် အခုလို ရပ်ကွက်ပြည်သူတွေနဲ့ ပူးပေါင်းပြီးတော့ တိုးချဲ့ဖောက်လုပ်ထားတာပါ။ အကျိုးကျေးဇူးကိုလည်း ကျွန်တော်တို့ ရပ်ကွက်ပြည်သူတွေကပဲ ခံစားရမှာပါ။ မြို့အင်္ဂါရပ်လှပရေးကိုလည်း အထောက်အကူပြုသွားမှာပါ" ဟု ရပ်ကွက်(၁)အုပ်ချုပ်ရေးမှူး ဦးချန့်လျန်နာက ပြောသည်။

အဆိုပါဟွေးလိုလမ်းသည် ယခင်က အကျယ် ၈ ပေမှ ယခုတွင် အကျယ် ၁၂ ပေ၊ အရှည် ပေ ၅၀၀ အထိ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး JCB စက်ကြီးတစ်စီးနှင့် မြေဇာတင်ယာဉ်နှစ်စီးတို့ကိုအသုံးပြုကာ ရပ်ကွက်ပြည်သူလုပ်အားများဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုဟေဆာ**

## ပန်ဒါတစ်ရှူးစက်ရုံတွင် ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေး

**လားရှိုး ဇွန် ၁၆**

၂၀၁၆ ခုနှစ် ဇွန် ၁၂ ရက်တွင်ကျရောက်သည့် ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လားရှိုးခရိုင်ရုံးမှ တာဝန်ရှိသူများသည် ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲက လားရှိုးမြို့ရပ်ကွက်(၅) အထက်မန်အိုင်ရပ်ရှိ ပန်ဒါတစ်ရှူးစက္ကူစက်ရုံတွင် ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လားရှိုးခရိုင်ရုံးမှ အလုပ်ရုံစစ်ဆေးရေးမှူး ဒေါ်ယဉ်ယဉ်မြင့်က ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စအဝဝကို ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား ပညာပေးဆွေးနွေးခဲ့သည်။

ဆက်လက်၍ အလုပ်သမားဥပဒေစစ်ဆေးရေးမှူး ဒေါ်နွယ်နွယ်မိုးကအလုပ်လုပ်သော ကလေးငယ်များနှင့်ပတ်သက်သည့် တည်ဆဲဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို ပြန်လည်ဆန်းစစ်ရာမှ ရရှိလာသော လေ့လာတွေ့ရှိချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသူများက ၎င်းတို့သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ ပန်ဒါတစ်ရှူး စက္ကူစက်ရုံမှ တာဝန်ရှိသူများနှင့် အလုပ်သမားများ ၂၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စာဏီအောင်(လားရှိုး)**

## လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြော



**တပ်ကုန်း ဇွန် ၁၆**

လူမှောင်ခို လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်တပ်ကုန်းမြို့နယ် ဥဿျစ်ကုန်းကျေးရွာအုပ်စု၊ ညောင်ငါးပင်(မ) ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင်ပြုလုပ်ရာ နေပြည်တော် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးမင်းနိုင်နှင့်အဖွဲ့တက်ရောက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် တပ်ကုန်းမြို့နယ် မြို့မရဲစခန်းမှ ဒုတိယစခန်းမှူးရဲအုပ် ဖြူထွန်းစိန်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ ပြည်သူများ၊ ကျောင်းသားလူငယ်များအချင်းချင်း မူးယစ်ဆေးဝါးဝင်ရောက်မှုမရှိအောင် သတိပြုရမည့်အချက်များနှင့် မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်ခဲ့ရသည့်အချက်များ ဟောပြောပြီးနောက် နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး မင်းနိုင်က လူကုန်ကူးမှုဆိုင်ရာများနှင့်ပတ်သက်သည့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းများ၊ လူကုန်ကူးမှုကျူးလွန်သည့် ပြစ်ဒဏ်အကြောင်းများ၊ လူကုန်ကူးမှုမြောက်စေသော ပြစ်မှုအင်္ဂါသုံးရပ်နှင့် ကျူးလွန်သူ မဖြစ်ပေါ်လာစေရေးအတွက် ဖြစ်ပေါ်တတ်သောပြစ်မှု သာဓကများကို ဟောပြောခဲ့ပြီးနောက် တက်ရောက်လာသူများအား လူကုန်ကူးမှုအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ် ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်

**မင်းဘူး ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက် တာဝန်များကို သက်ဆိုင်ရာ ဌာနဆိုင်ရာများအလိုက်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ယင်းနောက် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေမီထွန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ပဲတီစိမ်းသီးနှံဈေးကောင်းမရ၍ တောင်သူများအရှုံးပေါ်

**စလင်း ဇွန် ၁၆**

စလင်းမြို့နယ်တွင် ချောင်းများနှင့်နီးစပ်ရာယာမြေများတွင် ရေတင်စနစ်ဖြင့် ပဲတီစိမ်းများ အဓိကထားစိုက်ပျိုးကြသော်လည်း ရာသီဥတုပြောင်းလဲမှုများကြောင့် ပဲတီစိမ်းများအထွက်နည်းပြီး ယခင်နှစ်များထက် ဈေးနှိမ်ဝယ်ယူ၍ရောင်းချနေကြရသည်။

စည်ဆွဲကျေးရွာနေ ပဲတီစိမ်းစိုက်တောင်သူဖြစ်သည့် ဒေါ်ငွေရည်က "ယခင်နှစ် တစ်ဧကကို တင်း ၃၀ မှ ၃၅ တင်းခန့်ထွက်ရှိတယ်။ ယခုနှစ်တွင် ရင့်မှည့်ပြီး ဆွတ်ခူးရန်အချိန်မှ မထင်မှတ်ဘဲ မိုးများခဲ့၍ ၁၅ တင်းမှ တင်း ၂၀ ခန့်သာ ထွက်ရှိခဲ့လို့ အချို့တောင်သူများ အထွက်နည်းပြီး လုပ်ခများပင် ဆုံးရှုံးနေပါတယ်။ ပဲဈေးမှာလည်း အရင်နှစ်က တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ထိရောင်းချရပြီး၊ အခုနှစ်မှာ ကျပ် ၃၀၀၀၀ နဲ့အဝယ်ဒိုင်တွေဆီကို ရောင်းချနေရပါတယ်' ဟု ပြောသည်။

**တင်ထွန်းဦး(မင်းဘူး)**



## မိုးရာသီသစ်ပင်စိုက်ပွဲတော် မောက်မယ်မြို့နယ်၌ ကျင်းပ

**မောက်မယ် ဇွန် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် နယ်မြေခံတပ်ရင်းကျွန်းစိုက်ခင်း၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက မိုးရာသီသစ်ပင်စိုက်ပွဲတော် ရတနာတန်းဝင် တော်ဝင်ကျွန်းပင် ၆၀၀ အား မြို့နယ်သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် တပ်ရင်းမှ အရာရှိ အရာခံအကြပ်တပ်သားများနှင့် ရဲမေများ၊ သစ်တောဝန်ထမ်းများက တောတောင်၊ ရေမြေ၊ မြစ်ချောင်း၊ အင်းအိုင်ကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ သက်ရှိလောကတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းပြီး အချိန်တိုအတွင်း သစ်တောပြန်လည်ဖြစ်ပေါ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ သစ်တောသစ်ပင်များကို ပြုစုပျိုးထောင်စိုက်ပျိုးခြင်းဖြင့် နောင်အနာဂတ်မျိုးဆက်သစ်များ သစ်တောသယံဇာတများ ပြုစုပျိုးထောင်ပေးရန်ရည်ရွယ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## အုပ်ချုပ်ရေးမှူးနှင့်စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်လှစ်

**ကျောက်တံခါး ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ဇွန် ၁၃ ရက် နံနက် ၈ နာရီခွဲက ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေမောင်က ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ဖွင့်လှစ်ခဲ့သော သင်တန်း၏ရည်ရွယ်ချက်များ နှင့် ပတ်သက်၍ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်သင်တန်းသို့ တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၆၄ ဦးနှင့် စာရေးဝန်ထမ်း ၆၄ ဦးတို့အား သင်တန်းများ စတင်ပို့ချပြီး သင်တန်းကာလကို ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# စစ်သားတစ်ယောက်၏ဘဝ၊ တပ်မတော်တစ်ခု၏သမိုင်း

**ပြီးခဲ့သည့်လေးငါးနှစ်အတွင်း စစ်ဗိုလ်ဟောင်းတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်များ အလျှိုအလျှိုထွက်လာခဲ့သည်။ အချို့စာအုပ်တွေကတော့ စိတ်ဝင်စားစရာကောင်းသည်။ အများစုကတော့ စိတ်ပျက်စရာတွေ။ ဝါဒဖြန့်ချီရေးလိုလို၊ ဘုန်းတော်ဘွဲ့လိုလို၊ ကိုယ်ရည်သွေးတာလိုလို။ ထိုကဲ့သို့ အငြင်းပွားစရာစာအုပ်များကြားထဲမှ လုံးဝအငြင်းပွားစရာမရှိသော၊ သမိုင်းအချက်အလက်များပါဝင်သော စာအုပ်တစ်အုပ်ထိုးဖောက်ထွက်လာသည်။**

မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ထမ်းခဲ့သော ဒီမိုကရေစီပြောင်းလဲရေးတွင် နိုင်ငံရေးသမားကြီးအဖြစ် ရှေ့တန်းကပါဝင်ခဲ့သော သူရဦးတင်ဦး၏ ဘဝအကြောင်းစာအုပ်။ စာအုပ်အမည်က "မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး"။

၁၉၄၄ ခုနှစ် ဂျပန်အုပ်ချုပ်ရေးခေတ်က ပုသိမ်မြို့ကို အင်္ဂလိပ်တို့ ဗုံးလာကြဲသည့် အချိန်တွင် စစ်ဘေး၊ စစ်ဒဏ်ကို ကြောက်သဖြင့် ကိုရင်ဝတ်နေရာမှ စစ်တပ်ထဲဝင်ဖို့ ဆုံးဖြတ်ခဲ့သည့်ဖြစ်ရပ်နှင့် အစပြုထားပြီး ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းသည့် ဖြစ်ရပ်တွင် အဆုံးသတ်ထားသည်။

ဘုန်းတော်ကြီးက "မင်းဘာဆက်လုပ်မှာလဲ ကိုရင် စဉ်းစား"ဟု ပြောလာတော့ ကျွန်တော့်စိတ်ကို ဆုံးဖြတ်လိုက်သည်။ စစ်ထဲဝင်မည်။ တပ်မတော်သားကောင်းတစ်ယောက်ဘဝကို ရအောင်ယူမည်။ သို့နှင့် ကျွန်တော်ဧကဝစန တစ်ခုတည်းသော စကားကို လျှောက်ထားလိုက်သည်။ "တပည့်တော် စစ်ထဲဝင်ပါမယ်ဘုရား". . . .။

သည်လိုနှင့် ရှင်နန္ဒသာရတစ်ဖြစ်လဲ မောင်တင်ဦးသည် စစ်သားတစ်ယောက်ဖြစ်လာခဲ့သည်။ မောင်တင်ဦး တပ်မတော်ထဲဝင်ချိန်မှာ ဂျပန်ကပေးသည့် ရွှေရည်စိမ်လွတ်လပ်ရေးခေတ်။

ထိုနှစ် ဩဂုတ်လ ၁ ရက်တွင် ကျင်းပသည့် ပထမဆုံးသော လွတ်လပ်ရေးနှစ်ပတ်လည်ပွဲကို ဗိုလ်သင်တန်းကျောင်းသား ဗိုလ်လောင်းတင်ဦး တက်ရောက်ခွင့်ရသည်။ စစ်ဝန်ကြီးဖြစ်နေသူ ဗိုလ်ချုပ်အောင်ဆန်းက "ဒီထက်စစ်မှန်တဲ့၊ ဒီထက် အခွင့်အရေးပြည့်ဝတဲ့ လွတ်လပ်ရေးမျိုးကို ပိုပြီးလိုချင်တာအမှန်ပဲ" ဟု ထိုပွဲတွင် ထည့်ပြောသွားသည်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်တွင် တပ်ထွက်ပွဲလုပ်တော့ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ"ဟု မိန့်ကြားသည်။ အနီးကပ်ဆုံးရန်သူဆိုသည်မှာ ရွှေရည်စိမ်လွတ်လပ်ရေးပေးပြီး မြန်မာနိုင်ငံသားတို့ကို ကျွန်ဇာတ်ပြန်သွင်းနေသော ဖက်ဆစ်ဂျပန်များဟု ဗိုလ်တင်ဦး သိလိုက်သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးပြီးတော့ တပ်ဖျက်သည်။ ခြောက်လသာ ဗိုလ်ဖြစ်လိုက်ရသော မောင်တင်ဦးသည် ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ထိုးထားသည့် ဂုဏ်ပြုလက်မှတ်ကလေးကိုယူပြီး အမေရှိရာ ပုသိမ်သို့ ပြန်သည်။ နောက် ရန်ကုန်သို့တက်လာပြီး ကျောင်းပြန်တက်သည်။ ဒီတခါ ကျောင်းပြန်တက်ရခြင်းမှာ ဆရာဝန်လုပ်ဖို့ဖြစ်သည်။ ထိုအချိန်က တပ်မတော်ကို ပြန်လည်ဖွဲ့စည်းရန် ပြင်ဆင်နေပြီ။ ဗိုလ်မှူးကြီး ဘသန်း(ဓမ္မိကဘသန်း)၏ တိုက်တွန်းမှုဖြင့် ဆရာဝန်လုပ်မည့်အကြံပျက်သွားသည်။ ဦးစီးအရာရှိအဖြစ် တပ်မတော်ထဲ ပြန်ရောက်သွားသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း အလုပ်ကြံခံရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးရသည်။ သို့သော် ထိုလွတ်လပ်ရေးကို လက်မခံသော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ကရင်အဖွဲ့များက တောခိုကြသည်။ တပ်မတော်နှင့် အပြန်အလှန် တိုက်ကြခိုက်ကြသည်။

ဗိုလ်တင်ဦးလည်း ပြည်တွင်းစစ်အတွင်း တိုက်ရင်းခိုက်ရင်း ဒဏ်ရာတွေတစ်ကြိမ်ထက်မက ရခဲ့သည်။ ထို့ကြောင့် သူရဘွဲ့ရသည်။ ထို့နောက် တစ်ဆင့်ပြီးတစ်ဆင့် ရာထူးတက်လာသည်။ ဗကဗကို တိုက်စဉ်က ဗိုလ်မှူး၊ တရုတ်ဖြူကို တိုက်တော့ ဒုတိယဗိုလ်မှူးကြီး၊ နောက် ဗထူးမြို့ ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ရခိုင်ပြည်နယ်တပ်မတော် တပ်ပေါင်းစုမှူး၊ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းသောအချိန်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ဒုတိယတိုင်းမှူး။ ထိုအချိန်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီးနေဝင်း၏ အထူးယုံကြည်စိတ်ချရသော သားတပည့် "ဗိုလ်တင်ဦးလေး" ဖြစ်နေပြီ။

သူရဦးတင်ဦးက သူ့ဘဝဇာတ်ကြောင်းကိုပြောရင်း တပ်မတော်၏သမိုင်းကိုလည်း ပြောသွားသည်။ ထို့ပြင် တပ်မတော်ခေါင်းဆောင်တွေ၏ လုပ်ရပ်တွေကိုလည်း ဖောက်သည်ချပြသွားသည်။ တပ်မတော်ထဲက နိုင်ငံရေးဂိုဏ်းဂဏအကြောင်းကိုလည်း တစေ့တစောင်း ပြောပြသွားသည်။ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအကွဲအပြဲများကြားက မြန်မာ့နိုင်ငံရေးကိုလည်း သုံးသပ်ပြသွားသည်။ ထိုကသောင်းကနင်းအခြေအနေများကြားက တပ်မတော်သားတစ်ယောက်၏ဘဝကို လေသံရှင်ရှင်ဖြင့် တင်ပြထားသည်။ ထည့်ပြောထားသည်။ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းပြီးနောက် တော်လှန်ရေးကောင်စီ လက်ထက်တွင် တိုင်းရင်းသားတပ်ရင်းများကို ဖျက်သိမ်းပစ်ခဲ့ခြင်းကြောင့် ကိုယ့်အချင်းချင်း "နည်းနည်းစိတ်ဝမ်းကွဲကုန်ကြသည်"ဟု ရေးထားသည်။ ယင်းမှာ တပ်မတော်သမိုင်းတွင် အရေးကြီးသော အလှည့်အပြောင်းတစ်ခုဖြစ်သည်။ ပြည်တွင်းစစ်နှင့်ဆက်စပ်နေသော အကြောင်းတစ်ခုအဖြစ် ယူနိုင်မည်ထင်သည်။

**"အထူးယိုယွင်းလာသော အခြေအနေဆိုး"ဟူသည့် စကားကို အပြန်အလှန်စဉ်းစားသည်။ ဘာတွေများ ယိုယွင်းနေသည်လဲ။ စီးပွားရေးလား၊ ဘာသာရေးလား၊ နိုင်ငံရေးလား၊ သူသိသလောက် ဘာမှယိုယွင်းမှုမရှိ။ ထို့နောက် သူ၏စိတ်အာရုံတွင် မေးခွန်းသုံးခုပေါ်လာသည်။**

တပ်မတော်တွင် ဖွဲ့စည်းထားသော ဆိုရှယ်လစ်ပါတီအတွက် ရန်ပုံငွေစုဆောင်းသည့်ကိစ္စကိုလည်း ဖော်ပြထားသည်။ ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့က ဗြိတိန်သို့သွားကာ လွတ်လပ်ရေးအတွက် ဆွေးနွေးစဉ် လွတ်လပ်ရေးသာမရပါက ဆက်လက်တိုက်ပွဲဝင်ရန် ဗမာစစ်အရာရှိများသည် ကိုယ့်လစာငွေတစ်ဝက်ကို ထည့်ဝင်စုဆောင်းခဲ့ခြင်းဖြစ်သည်။ သို့သော် ဆွေးနွေးပွဲအောင်မြင်သောကြောင့် ရန်ပုံငွေစုဆောင်းမှု ရပ်သွားသည်။ "တပ်မတော်အတွင်းရှိ ဆိုရှယ်လစ်ပါတီက မည်သို့ ငွေများသုံးစွဲသည်ကိုပင် မေးမြန်းခြင်း မပြုတော့ပေ"ဟု ဦးတင်ဦးက ဆိုထားသည်။ တပ်မတော်အတွင်း ဆိုရှယ်လစ်ပါတီ၏ ကြီးစိုးနေမှုကို ဖော်ပြသည့် အချက်ဖြစ်သည်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီး စသည့် နာမည်ကြီးပုဂ္ဂိုလ်များမှာ ဆိုရှယ်လစ်ပါတီ၏ ခေါင်းဆောင်များဖြစ်သည်။ (လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်တွင်ပင် ဆိုရှယ်လစ်ပါတီက အာဏာသိမ်းဖို့စဉ်းစားခဲ့ပုံကို ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီး၏ အတ္ထုပ္ပတ္တိစာအုပ်တွင် ဖော်ပြထားသည်။)

နိုင်ငံရေး ဂိုဏ်းဂဏများနောက်သို့ တပ်မတော်လိုက်ပါနေရသည့် အဖြစ်ကိုလည်း အသေးစိတ် တင်ပြထားသည်။ (အခန်း-၃၈) "ကာကွယ်ရေးဝန်ကြီး ကျားကြီးဗဆွေနှင့် ဖဆပလ ဦးကျော်ငြိမ်းတို့က စစ်တပ်ကို ဖိအားပေးခြင်း"၊ (အခန်း-၃၉) "နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုခါးကိုဖက်၍ငိုရင်း ကယ်တော်မူပါဟု ပြောသည့် သမခန်း ရှမ်းစော်ဘွား"၊ အခန်း (၄၆) "တပ်မတော်ကို ပြည်သူတို့ မကြည်ညိုဟု ဖော်ပြသော ၁၉၅၉ ခုနှစ် စစ်တမ်း"တို့တွင် ယင်းအကြောင်းများကို သုံးသပ်ပြထားသည်မှာ သင်ခန်းစာယူစရာဖြစ်သည်။

မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး (ပထမတွဲ)ကို မေးခွန်းသုံးခုဖြင့် နိဂုံးချုပ်ထားသည်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက် နံနက် ၈ နာရီတွင် မြန်မာ့အသံက ထုတ်လွှင့်သော ဗိုလ်ချုပ်ကြီး နေဝင်း၏ "အာဏာသိမ်း" မိန့်ခွန်းကို နားထောင်ပြီးနောက် သူရဦးတင်ဦး၏ စိတ်ထဲတွင် ထွက်ပေါ်လာသည့် မေးခွန်းသုံးခုဖြစ်သည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အထူးယိုယွင်းလာသော အခြေအနေဆိုးကို ထိန်းသိမ်းစိမ့်သောငှာ ဗမာ့တပ်မတော်မှ တာဝန်ယူ စောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း" ဟု ဗိုလ်ချုပ်ကြီး နေဝင်းက ပြောသွားသည်။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ဒုတိယတိုင်းမှူးအဖြစ် ဆောင်ရွက်နေသော သူရဦးတင်ဦးသည် "အထူးယိုယွင်းလာသော အခြေအနေဆိုး"ဟူသည့်စကားကို အပြန်အလှန်စဉ်းစားသည်။ ဘာတွေများ ယိုယွင်းနေသည်လဲ။ စီးပွားရေးလား၊ ဘာသာရေးလား၊ နိုင်ငံရေးလား၊ သူသိသလောက် ဘာမှယိုယွင်းမှုမရှိ။ ထို့နောက် သူ၏စိတ်အာရုံတွင် မေးခွန်းသုံးခုပေါ်လာသည်။ (၁) တပ်မတော်၏ အနာဂတ်သည် ဘယ်လဲ ဘာလဲ။ (၂) ပြည်သူလူထုနှင့် တိုင်းပြည်၏ အနာဂတ်သည် ဘယ်လဲ၊ ဘာလဲ။ (၃) ကျွန်တော်၏ ဘဝအနာဂတ်သည် ဘယ်လဲ၊ ဘာလဲ။

စင်စစ် ယင်းမေးခွန်းသုံးခုသည် နှစ်ပေါင်းငါးဆယ်ကျော်လာသည့်တိုင် မြန်မာ့နိုင်ငံရေးနယ်ပယ်ကြီးအတွင်း ပဲ့တင်ထပ်နေဆဲဖြစ်ပေသည်။ (စာညွှန်း- မြန်မာ့ဒီမိုကရေစီခရီးစဉ်နှင့် သူရဦးတင်ဦး)




**မောင်သာမည**

---

## တာဝေးအပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ပဲခူး၌ ကျင်းပ

**ပဲခူး ဇွန် ၁၆**

၂၀၁၆ ခုနှစ် ပဲခူးမြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ တာဝေးအပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၆ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတက္ကသိုလ်ရှေ့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပြိုင်ပွဲအား သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး တာဝေးအပြေး အားကစားသမား အမျိုးသား ၄၀၊ အမျိုးသမီး ၅၈ ဦး စုစုပေါင်း ၉၈ ဦးတို့က ပဲခူးမြို့ မိုးလုံလေလုံ အားကစားရုံရှေ့အထိ ခရီးမိုင်ခုနစ်မိုင်အား ယှဉ်ပြိုင်ပြေးကြသည်။

ထို့နောက် သတ္တမ၊ အဋ္ဌမ၊ နဝမ၊ ဒသမ ဆုရရှိသော အမျိုးသား၊ အမျိုးသမီးများအား ပဲခူးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကျော်နှင့် အထက (၈)မှ ဆရာမကြီး ဒေါ်နီနီဝင်းတို့က လည်းကောင်း၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမဆုရရှိသူများအား ပဲခူးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစန်းဦးနှင့် တိုင်းဒေသကြီး အား/ကာ ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့က လည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အမျိုးသမီးများအား ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်က လည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အမျိုးသားများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲတွင် အသက် (၇၈) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးနှင့် အသက် (၁၁) နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ရာ အသက်(၁၁)နှစ်အရွယ်ရှိမသီတာအောင် ဉဿာမြို့သစ်ရပ်ကွက်ကြီး (၅/၁၉) နေသူသည် ဒုတိယဆုရရှိကြောင်း သိရသည်။

**ရွှေဘုန်းအောင် (ပဲခူး)**

---

## ဒဂုံဈေးအဝေးပြေးဝင်းအတွင်း ဈေးသည်များ စနစ်တကျရှိစေရေး ပညာပေးဆောင်ရွက်

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဒဂုံဈေးအဝေးပြေးဝင်းအတွင်းတွင် ဇွန် ၁၆ ရက် နံနက် ၉ နာရီခန့်က ခရီးသွားပြည်သူများ စိတ်အေးချမ်းသာ လုံခြုံချောမွေ့စေရေး၊ ဝင်းအတွင်းစည်းကမ်းကောင်းမွန်စေရေး ဒဂုံဈေးအဝေးပြေးဝင်းတာဝန်ရှိသူများဦးစီးသော စည်ပင်သာယာရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၉)ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့(၃)ဖွဲ့တို့ဖြင့် အဝေးပြေးဝင်းယာဉ်လိုင်းကားဂိတ်နှင့် ဈေးအရောင်းဆိုင်များမှ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များပူးပေါင်း၍ ကားဂိတ်များ၊ ဈေးဆိုင်ခန်းများရှေ့ ခရီးသွားပြည်သူအများသွားလာရာ လမ်းကြောင်းပေါ်၌ ပိတ်ဆို့၍ဈေးကုန်များခင်းရောင်းချနေသော ဈေးသည်



များအား စည်းကမ်းတကျ ရှိစေရေးအတွက် ပညာပေးဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၃၂၉)**



# မြန်မာရိုးရာ ပုသိမ်ထီးများကို ခရီးသွားနိုင်ငံခြားသားများစိတ်ဝင်တစားလေ့လာ

**မလှိုင် ဇွန် ၁၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်သည် ကျေးရွာအုပ်စု ၉၁ အုပ်စု ကျေးရွာပေါင်း ၂၂၀ ရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေး၊ မွေးမြူများကိုလုပ်ကိုင်ကြသလို မိမိတိုတတ်ကျွမ်းသော လက်မှုပညာများဖြင့် တောင်ယာသုံးပစ္စည်းများ၊ ပန်းချီ၊ ပန်းပုများကို ပြုလုပ်ရောင်းချကြသည်။ လက်မှုပညာတစ်ခုဖြစ်သော ပုသိမ်ထီးအလှဆင်ရောင်းချနေသောဆိုင်များကိုမူ နိုင်ငံခြားသား ခရီးသွားများ စိတ်ဝင်စားစွာဖြင့်လာရောက် လေ့လာကြသည်။

ပုသိမ်ထီးအလှဆင်ရောင်းချနေသော ညောင်ဦးမြို့နယ် တိုက်ကုန်ရပ်ကွက် လမ်းမတော် ပုဂံညောင်ဦးသွားလမ်းပိုင်းဘေးဝဲယာရှိ ပုသိမ်ထီးအလှဆင်ရောင်းချနေသောဆိုင်ရှင် ကိုနိုင်လင်းက "ကျွန်တော်တို့ ပုဂံညောင်ဦးဒေသဟာရှေးဟောင်းအမွေအနှစ်များစွာတည်ရှိတဲ့ မြို့နယ်ဖြစ်တာကြောင့် နေ့စဉ်ဘုရားဖူးခရီးသွားပြည်သူများ နိုင်ငံခြားသားခရီးသွားများက ပုဂံညောင်ဦးဒေသကို လာရောက်လေ့လာကြပါတယ်။ လာရောက်တဲ့အခါဒီဒေသထွက် ပစ္စည်းများကိုဝယ်ယူလေ့လာတတ်ကြပါတယ်။ ကျွန်တော်ရောင်းချနေတဲ့ ပုသိမ်ထီးများကိုလည်း လာရောက်လေ့လာကြသူများပါတယ်။ပုသိမ်ထီးလုပ်တဲ့နေရာဒေသဟာပုသိမ်မြို့က ကျွန်တော်အကိုတွေက လုပ်ကိုင်ကြတာ။ ဒီလိုရောင်းတန်းဝင် ပုသိမ်ထီးတွေကို တင်ပို့ပေးပါတယ်။ ထီးအမျိုးအနေနဲ့မြန်မာအခေါ်(ဆီထီး)လို့ခေါ်ပါတယ်။ အရိပ်ရထီးလို့လည်း ခေါ်ပါတယ်။ အများအခေါ်အိမ်တော်ရာထီး၊ ပုသိမ်ထီးဖြစ်ပါတယ်။ တင်ပို့ရောင်းချမှု အနေနဲ့ ဒီဒေသက ဧရာဝတီကမ်းခြေနဲ့နီးတယ်လေ။ ဟိုတယ်ဇုန်တွေကလည်း အလှဆင်ထားတဲ့ပုသိမ်ထီးတွေကို လာရောက်ဝယ်ယူတာများပါတယ်။ ပုဂံညောင်ဦးဒေသမှာရှိတဲ့ စားသောက်ဆိုင် ဟိုတယ်မှန်ရင် ပုသိမ်ထီးမရှိတဲ့ဆိုင်နဲပါးပါတယ်။ ရောင်းဈေးရောင်းအားအနေနဲ့ ပုသိမ်ထီးအသေးအကြီးတစ်လက်ကို ကျပ် ၃၀၀၀ ကနေ ကျပ် ၇၀၀၀၀ အထိရှိပြီ ရောင်းအားအကောင်းဆုံးလဟာ နှစ်စဉ် ၃ လပိုင်းကနေ ၁၀ လပိုင်းအထိ ဘုရားဖူးဧည့်သည်တွေ၊ နိုင်ငံခြားသား ဧည့်သည်တွေ အများဆုံးလာရောက် လေ့လာကြတော့ ရောင်းအားကောင်းပါတယ်။ အခုလ ဒေါ်လာဈေးက တစ်ဒေါ်လာကို မြန်မာငွေကျပ် ၁၂၀၀ ကျော်နေတော့ ပုဂံညောင်ဦးမှာရှိတဲ့ မြန်မာ့ရိုးရာပစ္စည်းဆိုင်များ အရောင်းအဝယ်ကောင်းပါတယ်" ဟု ပြောပြသည်။

**ကျော်ကျော်(မလှိုင်)**

---

# မိုးရာသီဘောလုံးပြိုင်ပွဲ တိုင်းရင်းသားဒီဂရီကောလိပ်၌ကျင်းပ

**ရန်ကုန် ဇွန် ၁၆**
မိုးရာသီဘောလုံးပြိုင်ပွဲ ၂၀၁၆ ခုနှစ်ကို ဇွန် ၁၃ တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီကရီကောလိပ် ရန်ကုန်တွင် ကျင်းပခဲ့သည်။

မိုးရာသီအဆောင်လိုက် ဘောလုံးပြိုင်ပွဲတွင် ဘောလုံးအသင်း (၁၂)သင်းမှ တိုင်းရင်းသားလူငယ်များက အားကစားအဓိဌာန်ရွတ်ဆိုခဲ့ကြပြီး၊ ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်က မိုးရာသီအဆောင်လိုက် ဘောလုံးပြိုင်ပွဲ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် ဧရာဝတီအသင်းနှင့် သံလွင်အသင်းတို့၏ ဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီကရီကောလိပ်၊ ရန်ကုန်သည် တိုင်းရင်းသားလူငယ်များ၏ အဆောင်လိုက် ဘောလုံးအသင်းလိုက်များဖွဲ့စည်းခဲ့ပြီး ဧရာဝတီအသင်း၊ ချင်းတွင်းအသင်း၊ ရွှေလီအသင်း၊ စစ်တောင်းအသင်း၊ သံလွင်အသင်း၊ ကစ္ဆပနဒီအသင်း၊ အသင်းခြောက်သင်း ဖွဲ့၍ ထိုအသင်းခြောက်သင်းမှ (က)(ခ)နှစ်သင်းခွဲကာ ၁၂ သင်းပတ်လည် ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

တိုင်းရင်းသား ဒီကရီကောလိပ် ကျောင်းမှ ဘောလုံးထူးချွန် ကျောင်းသားများအား ရွေးထုတ်၍၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ်၊ ကောလိပ် ဘောလုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီကရီကောလိပ် (ရန်ကုန်)၏ မိုးရာသီ ဘောလုံးပြိုင်ပွဲ အသင်းများမှ ရွေးထုတ်ခဲ့သည့် ဘောလုံးအားကစားသမား လူငယ်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကိုယ်စားပြု၍ ဘောလုံးထူးချွန်လူငယ်များအဖြစ် ရွေးချယ်ကာ ဝန်ကြီးဌာနအလိုက် ဘောလုံးပြိုင်ပွဲများတွင် ယှဉ်ပြိုင်နိုင်ရန် ရွေးထုတ်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**

---

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးပညာပေး

**မိုင်းခုတ် ဇွန် ၁၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းသိမ့်နှင့် ဝန်ထမ်းများသည် ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီက မိုင်းခုတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်သန်းသန်းသိမ့်က ဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အားလည်းကောင်း၊ ရုပ်သံကျွမ်းကျင်-၃ ဦးအောင်လွင်ဌေးက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဟောပြောပြီး အလယ်တန်းပြဆရာမ ဒေါ်ဆွေဆွေမြင့်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

ယင်းနောက် နယ်လှည့်စာကြည့်တိုက်ဆောင်ရွက်ပေးပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများအား ချိတ်ဆွဲပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မိုင်းခုတ်ပြန်/ဆက်**

---

# မိုးရွာသွန်းမှုကြောင့် ချောင်းရေလျှံ၍ ရေကြီးနစ်မြုပ်ခဲ့သည့်အိမ်ထောင်စုများအား ဆန်များထောက်ပံ့ပေးအပ်

**ကြံခင်း ဇွန် ၁၆**
ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဇွန် ၁၁ ရက်ကမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေများလျှံတက်၍ နေအိမ်အချို့ရေကြီးနစ်မြုပ်ခဲ့ပြီး ယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းခဲ့ရသည့် ရေဘေးသင့်ပြည်သူများအား ဇွန် ၁၂ ရက် ညနေပိုင်းက ဘက်ရဲမြို့ လည်ဝိုင်းကျောင်းတိုက်၌ ဆန်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ ဟသ်ာတ ခရိုင်အုပ်ချုပ်ရေးမှူးဦးစန်းဌေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတိုင်းဦးစီးမှူးဦးသန်းစိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဖြိုးမင်းထိုက်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဒေသခံပြည်သူများ၏ အခက်အခဲများကို ဝန်ကြီးက ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းခဲ့ပြီး ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ယင်းနောက် ရေကြီးနစ်မြုပ်၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေထိုင်သောအိမ်ထောင်စုများအတွက် တစ်ဦးလျှင်တစ်ရက်အတွက် ဆန်နို့ဆီဘူးနှစ်ဘူးနှုန်းဖြင့် ၃ ရက်စာကို အိမ်ထောင်စု ၇၄ စု မှလူဦးရေ ၂၉၂ ဦးအတွက် ထောက်ပံ့ပေးခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည်ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများသို့ လိုက်လံကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

---

ဆောင်းပါး

# ပြောင်းလဲဖို့မလိုသေးဘူးလား

**à ခင်မောင်ညို(ဘောဂဗေဒ)**

စီမံဘဏ္ဍာ တာဝန်ရှိသူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ တွေ့ဆုံကြမယ်လို့သတင်းကြားတာနဲ့ သွားရောက်လေ့လာနားထောင်ကြည့်ခဲ့ပါတယ်။

